၁၁၀၅၀

ကြိုတင်

တောင်ကတိုးဘုရားသမ္ပဒေး

ဦး၃၁

အသျှင်မဂ္ဂုလ

စီသာကျောင်း၊ ခင်မကန်တိုက်

အနောက်ပြင်၊ မန္တလေး။

ထက်နေထင်းပုံနှိပ်တိုက်၊ ပုဇွန်း-မန္တလေး၊ (မြ-၀၁၂၂၀)ဖုန်း-၇၁၇။

, ၂၂၇

Je ၁.၄၅
ဗ ၉ ၁
၁၁၀၅၀

ထုတ်ဝေသူ - အသျှင်မဂ္ဂုလ
စီသာကျောင်း၊ ခင်မဂၢန်တိုက်
အဓနာတ်ပြင်၊ မန္တလေး။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၀၃၆)
ကင်းလွတ်ခွင့် အမှတ် (၁၁၂၉)

ပုံနှိပ်သူ .... ဦးဒွေး၊
တက်နေလင်း-ပုံနှိပ်တိုက်
၂၆-အာဇာနည်လမ်း၊ ပဲခူးကုန်း-မန္တလေး။
(မြို-၀၁၂၂၀) ဖုံး-၇၁၇

၊၊ နိဒါန်း ၊၊

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုद္ဓဿ။

ဓမိဿရ၊ ဓမ္မသာမိ၊ မုနိထွဋ်တင်၊ ဘုရားရှင်၏ မေ့ရှင်ခါတ်တော် သရီတော်မြတ်၊ ကိုန်းပပ်တင့်တယ် စမ္မယ်ရှင်ပြုံးသီတင်းသုံးသည့်၊ ကတုံးမည်ခေါ်၊ ငွေတောင်ပေါ်ဌ၊ စေတီတော်မြတ်၊ တည်လတ်ပြီးခါ၊ ဝေနေယျာတို့၊ ဝန္ဒာပူဇာ၊ သက္ကာရနှင့်၊ ဒါနသီလ၊ဓမ္မကြင်း၊ ခပင်းဥသုံ အလုံးစုံကို၊ မှန်းတုံ ပီတိသဒ္ဓါအိုရ်၊ မြတ်နိုးဘိုကြောင့်၊ ကဝိအမှန်၊သီလဝန္တ သမ္ဘန္ဓဂုဏ်၊ မပြတ်လုံသည့်၊ ရှေ့ဘုံ ရည်ရော်၊ သံဃာတော်များ အမှူးထား၍၊ နောက်ပါးမကွာ၊ အရိပ်ပါသို့၊ များစွာ ထောင်သောင်း၊ သူတော်ကောင်းတို့၊ နှစ်ထောင်းရှင်ပြ၊ ပဲ့ရ

ချိမ့်ချိမ့်၊ ဆောင်ပဲ့ညိုမ့်ကျော်၊ နှစ်စဉ်ပျော်ကြ၊ ထိုကာလ၌၊ ဗုဒ္ဓဘုန်းပေါ်၊ စေတီတော်၏၊ ရှေးသော်ကာလ၊ သမယဝယ်၊ စ-လယ် မူလ၊ တည်ပြီးမှလျင်၊ ဖြစ်လှစဉ်ကို၊ သိခြင်ဇောချမ်း၊ အမေးရပ်ကြောင့်၊ ဖြေလတ်စိမ့်ဌ၊ သမိုင်းစာကို၊ ဖွေရှာသိန္ဒ်း စီမျင်းကုံ:၍၊ ဗုဒ္ဓဝေယျာ၊ ဂေါပကာဟု၊ ခေါ်တွင်ပြုသည့်၊ ဦးတင်၊ ဦးပေါ်၊ ဦးမြ စသော ဒါယကာ အမျှားတို့ကား နာယက ဆရာတော် ဘုရားမျှားထံ၊လျှောက်ထား တောင်းပန်ကြသဖြင့်၊ ပထမ နာယကဖြစ်တော်မူသော၊ ပန့်တင်ကျောင်း (အရှင်နန္ဒိယ)ဆရာတော်ဘုရား၏ခွင့်ပြုချက်အရ၊မ နားကျောင်း ပဠုမ-မြောက်၊ အရှင်ကောဝိဒ ဆရာတော်ဘုရားက၊နတ်လမ်းညွှန် စာတန်းနှင့် တောင်ကတုံ:ဘုရား ကည်ထားကိုးကွယ် စ-လည် အဆုံး၊ ဆည်းကပ်ပူဇော်ပုံအသွယ်သွယ်၊ အကြိမ်ကြိမ်ထပ်မ၍ ပြုပြင်တည်တော်မူခဲ့သည့် အကြောင်းစုံတို့ကို မှီလိုက်ကြသော မ နားရှာနေ ဆရာကြီး ဦးသိုက်နှင့်၊ ဆရာကြီး ဦးပြန့်တို့အား မေးမြန်းစုံစမ်း၍ဂင်း၊ မိမိမှတ်မိသမျှ မှတ်စုမှတ်ရာ အဖြာဖြာတို့ကို ရေးသားစီရင်ပြီး ပေးတော်မူသောစာမူနှင့်တကွ၊

မ နားကျောင်း၊ သိမ်ကျောက်စာ၊ခေါင်းလောင်း ကမ္ဘည်း။ တောင်ကတုံ: သိမ်ကျောက်စာ ခေါင်းလောင်းကမ္ဘည်း တို့ကို အမှီပြု၍၊ ဤတောင်ကတုံ: သမိုင်း စာအုပ်ကို ပြုစုစီရင်တည်ထွင်ရေးသားရပါတော့သတည်း။

ဤစာရှုသူ၊ ရှင်လူရဟန်း ပြည်သူ့ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် အမှားပြင်ဆင်၍ အမှန်မြင်အောင် ရှုကြည့်

ပြီးလျှင် သဒ္ဓါတရား တိုးပွားနေစဉ် ကြည်လင်ဝမ်းမြောက်ကင်းမျောက်ဘယာ၊ ကိုယ်မှာမရှိ၊ ကင်းစင်ဘိ၍ သတိတရားလက်ကိုင်ထားပြီး၊ နည်းမျှားမဟု ဖေးလျှုပ်ခါန၊ စွန့်ကြဲ၍၊ လူနတ်နိဗ္ဗာန် ခံစားစံသည် ကေန်ပုရ နိဗ္ဗာန်ဝရီး ရောက်စေသောစ်။

ရွှေကျွန်ုပ် ပန့်တင်ကျောင်း ဆရာတော် ဝါသိုကျောင်းဆရာတော်၊ မ ံနားကျောင်းဆရာတော်တို့၏ အနှစ်ဝါသိ.ဘ။

(အရှင်ပဏ္ဍိတ)

ပန္ဒုလေးခြိုး

ဇာတ်ကားတုံးဘုရားရှေ့

နှာလပ်ဦးနှိုး

အဟာန်း...အဟာန်း.... လေပြေက ဖြန်းပြန်တော့ ချမ်းလိုက်ပါတော်တော့ကရဲ့....၊ မချမ်းဘဲ ရှိပါ့မလား၊ နေ့ပူလို့ညချမ်းတာပေါင်းလသရမ်း (လဆန်း) ဆိုတဲ့ အတိုင်း ထုသီအားဖြင့် မိန်ရသီ၊ ဥတုအားဖြင့် ဟေမန္တဥတုနှင့် ဂိမ္ဟန္တဥတုတို့၏ အဆုံးကာလ ဖြစ်ခဲ့ရကား၊ ရာသီအလိုက် နှစ်ချိုက်စရာ ပွင့်ရှာကြအလှကြက်သရေ တက်ဖြိုးဝေသည့် လှမိုးစွေ ပန်းပိတောက်သရဖီတို့ကလဲ၊ အညိုအစုံ ရဂုံအတွင်း တသင်းသင်းလှိုင်အပ္ပင့်ချင်းပြိုင်ကြသတတ်၊

ခါတ်ကတော့ အာပေါခါတ်၊ နက္ခတ်က ဥတ္တရာဘဒ္ဒရဂုဏီ၊ စန္ဒာခေါ် လမင်းနှင့် အရောင်ခြင်းယှဉ်မှု၍ တူစုံညီပြိုင်နဲ့၊ လောကသဘာဝ အရာရှာနှုန်းအားဖြင့်လဲ ဗုဒ္ဓပူဇော်ပွဲ အရပ်ရပ် ဆနယ်နယ် နဲ့ကြပေသပေါ့...၊

ဒါကြောင့် ပိုတောက်သရဖီ၊ မိန်ရာသီ၊ စေတီပုံတော်ရု၊ အာပေါခါတ်ပြောင်း၊ ရွက်သစ်လောင်း၊ တပေါင်းဆိုသည့်လေ။ သည်ရာသီ သည်လ သည်ချိန်ကြပြီဆိုမှဖြင့် ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာဘုရားကို ရိုသေစွာ ဂါရဝနှင့် ပဏာမပူဇော်ပဲ့၊ တူပျော်နဲ့ ပြုလုပ်ကျင်းပမြဲမှတာမို့၊ ဘာသာ ဘာဝ ဥဿုတိုသကုဏတို့ကလဲ စာနှိုက်ကြားကာပျော်ရွှင်ကြလျက် ရွက်ဟောင်းကြွေလွှစ် ရွက်သစ်တွေလောင်း ဆောင်းနှောင်း နွေဦးမှာ လေရူးနှင့် လေညှင်း ငွေနှင်းနှင့် ရောပြွန်းတာ ဘယ်ကမချမ်းဘဲ ရှိပါ့မလဲ....။

သြ....တယောက်ထဲ ပျင်းပျင်းရှိတာနှင့် အညောင်းပြေ လာလိုက်တာ၊ ငါ့ကိုဘာလဲလို့ ဘယ်သူမှ သိကြမှာမဟုတ်ဘူး....၊ အဲဒါကြောင့် ပြောပြရပါဦးမယ်...

ရှေးကျွန်တော်ပိုင် ကျေးတောကြီးနှင့် ချောင်းခရိုင်၊ အကြောင်းဆိုင်သူ နောင်မမှန်းပါတဲ့ အဲ....အဲ့ တောင်ဝဟု ဖမှာ နေတဲ့ နုယယ်ရေးတသတ် နှတ်၊ ဘေးမီး...ဂျမ်ယီး။

နှတ်ဆိုပေမယ်လို့ တောင်ကတု ကို စောင့်ရှောက်၍ အမြဲ နေခဲသော နှတ်မဟုတ်ပါဘူး....။ ဂုဏ်း နှတ်မင်းကြီးမျိုး၏ လက်အောက်ယေသား နှတ်ကလေးပါ၊ နှတ်တို့၏ ကိုယ်ရောင် ကိုယ်ဝါက တပိသာအစိတ်၊ ကမ္ဘီဒ္ဓိ ရှစ်ဆယ်ကျော်နှင့် ပျော်ပျော်ပါးပါး ကားခပေးစရာမရှိလို့ ပြေပြင်ကို ခရီးလျှောက်လာလိုက်တာ....

အသရေတလူကြီ့ ပါတဲ့ ရှေ့ကုမ္ပဏီမြစ်ကမ်းပါး၊ အဆင်း အဘက် မြင့်မောက်တဲ့ သဘော်ဆိပ်ကြီးသို့ ရောက်ခဲ့ ပါပေါ့ကလား....။

နတ်ကလေး အတော်မောသွားပြီ ဒီအနား ရောင်းဘို့ရန် ချထားတဲ့ အိုးပုံမှာ အပေါ်ကပုဆိုးခြုံ၍ အပန်းဖြေ နားလေ ဦးမှာပဲလေ။

လောကီဘုံသား	အမျှားသူငါ
ချစ်သူအရေး	ပူဆွေးရရှာ
မျက်ရည်ယိုစီး	ငိုကြွေးခါခါ
ပေါ်လာနိုး	မျှော်ကိုးနေရတာ။

အချိန်မှာကား-

တပေါင်းလဆန်း(၁)ရက်နေ့ကစ၍လပြည့်ကျော် (၁ ရက် နေ့အထိ ကျွန်ုပ်တို့ရှေ့ကုမ္ပဏီတွင်လည်း ရှေ့ပေါ်ကျွန်း ဘုရား ပွဲတော်ကြီးကို အလွန်သိုက်မြိုက်စီကားစွာ ပြုလုပ်ကျင်းပ၍ ပူဇော်ကြသည်မှာ နှစ်စဉ်နှစ်တိုင်းဖြစ်လေသည်။ ၎င်း လပြည့် ကျော် (၅)ရက်နေ့တွင်လည်း ဇေတဝန်ကတုံ ဘုရားပွဲတော် အစပြု၍ ကျင်းပဆဲအချိန်ဖြစ်လေ၏။

ခင်ဦးမှာ။ မပေါ်လာ မျှော်ကာပမေလွမ်း၊ စိန်မျက်ရည် စမ္ဘယ်ခိုင်က နှစ်သွယ်ပြိုင် ယိုလို့သမ်းတယ် အမယ်မင်း မောရှာခဲ့နွမ်း....။

နတ်။ အလို....ဘုရား....ဘုရား.... မောတာနှင့် အိုးပုံ နားမှာ ဓာတ္တုအပန်းဖြေရင်း လူတွေ သွားကြ လာ ကြ သည် ကို ကြည့်ရှုလို့ နေလိုက်တာ လမ်းဘေးက လဖက်ရည်ဆိုင်အနားမှာ သနား စရာ ကလေးပါလား....။ အသားကလေးက ဝါဝါထိန် ရုကနာ စိန် ရှ ရှ နားကပ်နှင့် ကေဆံပတ်က ပီတုံးဆောင်ပမာ၊ အဲ....အဲ.... မဟုတ်သေးပါဘူးလေ၊ အ သား ကလေးက ဝင်းဝင်းဝါ၊ ယမင်းကညာ ဒေါက်ဘိနပ်နှင့် အမောက်တတ်တဲ့ နိုင်လွန်မယ်မှာ တပြုံးပြုံ မျက်ရေ ကျတာကြောင့် အလှပြင်ထားတဲ့ နှုပ်ခမ်းနီ ပါးနီတွေ ပျက်ကုန်ပါပေါ့လား။ ဘာကြောင့်များ ဖြစ်ပါလိမ့်၊ ငါသွားရှာ မေးဦးမယ်။ ငါကိုယ်ရောင် တခေါက်ဖြောလိုက် မယ်၊ အမောက်ကညာမြင်စေ။

ဥမ္မာ။ ဟင်.... မိုးအုံ့လာပါပေါ့လား....။

နတ်။ အဲ...ဟုတ်လိုက်လေ.... နတ်ကိုယ်ရောင်ပါဆိုမှ မိုးအုံ့ရမယ်လို့၊ မဖြစ်ဘူးမဖြစ်ဘူး ကိုယ်ရောင် ကိုယ်ဝါတွေ ပြန်သိမ်းဦးမှဘဲလေ....၊

အားရောင်အဝါလင်းရုမှ အမှောင်တဝါ ကျင်း လိုက်မယ်။အမှောင်ချင်းချင်းဖြစ်ရောလဟယ်....

ခုမှတဲ့ လင်းကာတယ်.... အလို... အရောင်အဝါ တွေနှင့် ဘယ်သူမျှားပါလိမ့်ရှင်....။

ဟဲ့....သူငယ်မ ငါနတ်ကဲ့....။

ဝမ်းသာလိုက်တာမောင်ကြီးနတ်ရယ်.... ကျမရဲ့ အပူကို ကူညီတော်မူပါအုံး....၊ မောင်ကြီး နတ်ရဲ့....။

ပူရင်လဲ့ ရေဆင်းချိုးလိုက်ပါလား.... အဲလေ.... အဆင်းကလှသနှင့် ယမင်းနုမ အခက်ကြုံ၊ ပူပုံထူပန်း မရှင်လန်းရသည်မှာ ဘယ်အရာ ဘယ်ကိစ္စကြောင့် စိုးနှောင့်ပူခဏ္ဍ ဝိုင်ကြားလို့ ဖနုရပါသလဲ....မောင်ကြီးနတ်ကို ပြောပြစမ်းပါ နဲ့မရယ်....။

မောလုစ္ဆာ ပြောရမှာ တကယ်ခက်ပါဘိ၊ ရှက်လိုက်ပေလေ၊ ဗင်နှင်ဂုံ ယပြတဲ့ဖြတ် ဘဝင် တုံ့လှပေါ့ ရင်အုံကို လက်ဝှေ့ထိုးသိုက်မယ် အမယ်မင်း.... တရယောက်ကြင်သူနှင့် ကွဲရတာ ကြောင့် မောင်ကြီးနတ်ရယ်....။

ဘဲ့.... ဘဲ့.... ဘဲ့....ကြောင့် ဝိုပြန်တာလဲ.... ပါးကဆေးနီတွေပျက်ကုန်တော့မယ်၊ ပြောသာ ပြောပါ မရှက်ပါနှင့်။

ဦးမှာ　　မောင်ကြီးနတ်သိချင်လို့ ရှိလျှင်လဲ ရှေ့မျက်နှာ နောက်ထားပြီး ရှက်အားနှင့် ပြောရတော့ မှာပေါ့၊ နားနှင့်မနာ ဘဝါးနှင့်နာဆိုတာလိုဘဲ အပြစ်ရှိလဲခွင့်ပြုပါရှင်၊ကျွမတို့ဒေသမှာ တရပ်ထဲ အတူနေကြတဲ့ ချစ်ရည်းစားဟာ သူရဲ့ မိဘ မျှားက သဘောမတူကြတာနှင့် စိတ်ပျက်ပြီး ခရီးထွက်သွားဘာ တော်တော်ဘဲ ကြာခဲ့ပြီ၊ ကျွမလဲ ယေကအချစ် အနှစ်တရာ မမေ့သာ ဆိုသလိုဘဲ၊ ပျောက်ခဲလတဲ့ ချစ်သူကို မတွေ့ တွေ့အောင် ရှာမယ်ဆိုတဲ့ စိတ်ဇဲနှင့် အားခဲပြီး၊ မိဘမျှားမသိအောင် တိတ်တဆိတ်ထွက်လာပြီး သဘော်ကြီး အစုံအဆန်စီးလို့ ရွှေပေါ်ကျွန်း မြတ်ဘုရားပွဲတော်ကြီးမှာ လူတွေက စုံတာနှင့် တွေ့ရလိမ့်မယ် ထင်နိုးနှင့် ကြိုးစား၍ ရှာပါ သော်လဲ မတွေ့ရပါ။ မြတ်ဘုရားပွဲတော်ကြီးလဲ ပြီးလေပြီ ကျွမ်းမှာ ထင်ဘိုင်းလဲ မပေါက်၊ ကြံတိုင်းလဲမရခြောက် စိတ်သောက ရောက်နေ ရတဲ့ ဒုက္ခသယ်ကို သနားသဖြင့် ကယ်တော်မူပါ နိုတမင်းရဲ့—။

နတ်　　ဖြစ်မှုဖြစ်ရလေ နှမရယ်.... ဒါကြောင့် တွေ့ကြုံ ဆုံကဲ့ ဖြစ်မြဲဓမ္မတာလို့ ဘုရားက ဟောထား ကဲ့ဘာပေါ့၊ ကဲ....ကဲ ...ကဲ ... ငါ့နှမချစ်သူဟာ ဘယ်မြို့သား၊ရန်ကုန်သား၊ရန်ကုန်သား

ဆိုရင် ကံဆုံမှုညားရသတဲ့၊ မန္တလေးသားတော့ ဇရမ်းပြေးသမားနှင့် ညားတတ်တတ်။ ကသာသား ဖြစ်ရင်လဲ အညာသမားနဲ့ တွေ့တတ်တယ်။ ရှေ့ကသားတော့ ငေ့ယူပြီး သွားတာဘဲ။ ဗန်းမော်သား ဆိုရင်လဲ အရမ်းခေါ်သွားမှာ ပဲ တယ် ငါ့နှမရဲ့....။

ညမှာ — အို...မောင်ကြီးနတ်ကလဲ ဘာတွေများ ရှောက်ပြောနေမှန်း မသိပါဘူး၊ ကျမရဲ့ ချစ်သူကို ကူညီ၍ ရှာပေးပါအုံးရှင်....။

နတ် — ခက်နေပါပြီ.... နှမရဲ့ချစ်သူဟာ ဖြူဖြူလား၊ မဲမဲလား.... သူလာ. ငါလားမှ မသိရဘဲနဲ့... ဘယ့်နှယ်လုပ်ပြီး ရှာရမှာလဲ....၊ ဟဲ....ဟဲ....။

ညမှာ — မောင်ကြီးနတ်ကလဲ ပြောင်ချော်ချော် မပြောစမ်းပါနဲ့. နတ်တို့တံခိုးနဲ့. ရှာပေးစမ်းပါ။

နတ် — ဒါဖြင့် အထက်ဗန်းမော်သို့တက်ပြီး ရှာမှပေါ့။

ညမှာ — ဗန်းမော်လဲရောက်ခဲ့ပြီ။ ကသာကစပြီး အောက်ကိုလဲ ရောက်ခဲ့ပြီ။ အထက်ပိုင်း မြစ်ကြီးနားမြို့ကလဲ ပြန်ခဲ့ပြီ ဘယ်မှာမှ မတွေ့ခဲ့ဘူးရှင်....။

နတ် — ကိုင်း....ဒါဖြင့် ယခု တပေါင်းလပြည့်ကျော် (၆)ရက်ရှိပြီ (၅)ရက်နေကဘဲ၊ မောင်ကြီး

နတ်တို့ တောင်ကတုံး ဘုရားပွဲတော်ကြီးကို စပြီးပြုလုပ်ကြတယ်၊ အဲဒီ ဘုရားပွဲတော်ကြီး ဟာလဲ လွန်စွာစည်ကားတာဘဲ၊ အဝေးအနီးက ရောက်လာကြသော ဘုရားဖူး လူတွေကလဲ များတယ်။ နေရာဌာနကလဲ စိန့်ရေတံခွန် စမ်းတွေနဲ့ အလွန်ယာယာ၍ ပျော်ဘွယ်ရာ ကောင်းတယ်၊ အဲဒီဘုရားပွဲတော်ကြီးသို့သွားပြီး ငါ့နှမချစ်သူကိုရှာပေတော့နှမရယ်။

ဥမ္မာ — မောင်ကြီးနတ် ပြောတာနှင့်ဘဲ သွားချင်ပါတယ်။ သို့ပေမင့် ဘယ်လမ်းက သွားရမှန်း မသိဘူးကြောင့် လမ်းညွှန်၍ ပြပေးတော်မူပါ မောင်ကြီးနတ်ရယ်။

နတ် — ဘာမှမပူနဲ့ မောင်ကြီးနတ် လမ်းညွှန်ပြလိုက်မယ်၊ ဟောဟိုမှာကြည့်စမ်း၊ သင်းဟောဆ်ပ်ကတက်လာကြတဲ့လူတွေဒေါ်ကြီး၊ တောင်ကတုံး ဘုရားပွဲတော် သွားကြမယ်လို့ပေါ့....။

ဥမ္မာ — အော်ဟုတ်လား လူတွေကများတာနဲ့ ကျမလဲ သွားချင်လှပြီ၊ မြန်မြန် လမ်းညွှန်ပြစမ်းပါ၊ ခရီးဘယ်လောက်ဝေးသလဲ၊

နတ် — ခရီးကတော့ သိတ်မဝေးလှပါဘူး၊ ဒီသဘော်ဆိပ်က တောင်စူးစူးကို သွားရမယ်။ ဒီကစပြီး သွားရင် မင်းကုန်းရပ်၊ ဆိုင်းကုန်းရပ်၊ မြို့ကုန်းရပ်

အဲသည်ကဆင်းသွားဘော့ ပေါက်နှက်ခေါ်တဲ့ ချောင်းကမလေးကို တံဘား ကူးထားတယ်။ အဲ့ဒီနေရာမှာ နောက် ရက် လ-မျှား မကြာခင် သင်းဘောဆိပ်ပင် ဖြစ်အုံးမတဲ့။

ချောင်းမှဆက်၍ ကျော်သွားလျှင် မော်လမြိုင် ခေါ် ရွာသစ်ရပ် အသက်နှား ကပ်လျက် အောက်ကြင်းမှတ်၊ ထိုမှအဆုံး စေတီကုံး၊ ပါပုကုန်းခေါ် ရန်ကြီးအောင်၊ ထိုမှတဖန် လှမ်းပြန်တော့ ခုံခန်းရပ်သို့ ရောက်ပါလိမ့်မယ် ယခုလိုခရီးတကထောက်ဖမှားရအောင် စကားနဲ့ ညွှန်လိုက်တာ နှုမရဲ့။

ဦးမှာ စကားနဲ့ ညွှန်မနေပါနဲ့တော့ ခပ်မြန်မြန် အချိန်မီရောက်ဆအောင် သွားကြပါစို့မောင်ကြီး နတ်ရယ်။ ကျွမရောက် မှုင်လှပါပြီ။

နတ် ဒါပြင့်သွားကြတာပေါ့၊ ကဲ-ထ၊ ခုတဲ့သွားမယ် ကန့်ကရုန့် တောင်ကြည့် မြောက်ကြည့် လုပ်မနေနဲ့၊ ဟိုအနားက အိုးပုံကြီးကိုတိုက်လို့ လမ်းပြင့် ခွေးသွက်ဆဲ့၍ အရှက်ကွဲနေပါအုံးမယ် ပြောနေကြာရော့ ငါနတ်မောင် ဂ္ဂဒ္ဓိပါဒ် နှစ်ဆယ်ကျော်နှင့် အရွယ်တော် အမောက် ကညာ ယမင်းတို့၊ မြို့တွင်းကတဖုံလှမ်း၊ ခုံခမ်း အထက်ကြို့ပင်အောက် မြို့ပြင်သို့ရောက်စေ

အဲ....ဒီအရိပ်ကလေးအနားကပ်၊ ဟောဒါလေး ကုလားဇရပ်နဲ့ရေတွင်း၊ ဆွေယမင်းချောတာမေ အမောပြေအောင် ရေဝင်သောက် ခြေလျှင် ရှောက်ပြီး ခရီးဆက်ကြစို့....။ ဟောသည် အထက်က ငါးဘက်ကြီးလမ်းခွဲ ဇရပ်ကြီး စခန်းသို့လဲ မပန်းခင်ဘဲ ရောက်ခဲ့ကြပေါ့။ အောက်နားသို့ လျှောက်သွားလျှင် ရေကန် အထက်မှာတော့ သာလာဇာမ်နှင့် ရေတွင်း လေညှင်းကလေးသွေးဆော်၊ ကြွေးကျော်သည့် ရွှေညြား ရုပ်ချောသည့် မေအမောက်ရဲ့.... ရေသောက်ရင်း ခေတ္တနားလိုက်ကြဦးစို့....။

ညမှာ ရေကလဲအေးပါပေတယ်၊ သာခုရှင် သာခု.... သာခု....၊ရေတွင် နဲ့ဇရပ်တကာဘုံမှာ နတ်ရှာသို့ ရောက်ကြပါစေရှင်။ ဟင်....ဇရပ်ခါးပန်းမှာလဲ စာတန်းတွေရေးထားလိုက်တာ မီးသွေးရာတွေ ရှုပ်ပွေလို့ပါလား....၊ အမိုးနဲ့ အကာမှာလဲ စာတွေချည်းပါဘဲ၊

နတ် အဲဒါ ငါ့နှမအလွမ်းပြေအောင် စာတွေကိုသာ ရှောက်ပြီးဘတ်ပေတော့။

ညမှာ မဘတ်ချင်ပါဘူး၊စာတွေကရှက်စရာ၊သြဒါထက် ဒီဇရပ်နဲ့ ရေတွင်းဒါယကာဟာ စေတနာဘက် မြတ်ပါတိ ဘယ်အရပ်ကမျှားပါလိမ့်မလဲ....။

တခြားမဟုတ်ပါဘူး ရွှေကျွန်မို့ ခုံခမ်းရပ်က အထူး အကျိုးရှာတဲ့ ကျောင်းတကာကြီး ဦးဘိုးသာဆိုပါလား၊ ယခုမရှိနေတာဘူး အသက်ကိုးဆယ်ကျော်လောက်မှာ ဘိုးဘွားတော အနီစွဲ သဘောသို့ ရွှေ့လျောသွားလေပြီ၊ သြ-ဒါထက် ငါ့နှမရဲ့ နာမည်ကားလေးကဘယ်လိုခေါ်ပါသလဲ။

ခင်ဦးမှာတဲ့....။

ဦးမှာဆိုဘာအရှုံးပါလား....ဟင်။

ပုထုဇဉ်နော ဦးမှတ္တကောတဲ့၊ ပုထုဇဉ်မှန်သမျှ ဟန်မကြ အရှုံးတော့ချည်းပါဘဲရှင်၊ မောင်ကြီး နတ်ရဲ့ နာမည်ကကောဘယ်လိုခေါ်ပါသလဲရှင်၊

ငါ့နာမည်က စိန်ပလီန်တိန်ဂွန် တဲ့၊

ဟုတ်မှုဟုတ်ပါ လေစ၊ နာမည်ကလဲ ကောင်းလိုက်ဘာ။

အလို ဒီနာမည်ကောင်မှ ၁၃၂၂-ခုနှစ်ကတို့ ဟောင်ကတုံး ဘုရားပွဲတော်မှာ ကပြတဲ့ ဇာတ်မင်းသားရဲ့ နာမည်ကို ယူပြီး ထားရတာပါ၊ နဂိုအစက မောင်ကြီးနတ်မှာ နာမည် မရှိဘူး။

အရိပ်ကလဲ အဆင်ပြေ ရေချိုကလဲ အေး
လေချိုက သွေးပြန်တော့ ခင်တမေ တရေး
လောက် အိပ်ချင်လဲ အိပ်အုံး၊ နေညိုရှိ
အေးတော့မှ တဖြေးဖြေး လမ်းလျှောက်၊
စခန်းထောက် နားရင်း သွား ကြ တာ ပေါ့
နှုမရယ်။

သဖြန်-

လမ်းတလျှောက်မှာလ၊ တန်းလို့သာ ပေါက်ရှာကြ၊ ပန်းပိတောရယ်တဲ့ ရွှေစူကာ။ တကြူကြူရဂုံ တွင်းမှာ၊တလှူလှူ လေယူသွင်းပြန်တော့ သင်းရနံ့ဖြာ၊သည်ဝနှာသာပေရဲ့ စခန်း။ ညီချက်ကောယ်သာ၊ စည်မျက်နှာ မြေအပြင် (မြေမျက်နှာ စည်အပြင်)သို့ ထေရ်အရှင် မဂ်ဖိုလ်မှီးလောက်အောင်၊ ကြီးတဲ့ မြို့ငတန်း။

နတ် နှုမရေ.... နှုမရေ.... ကဲ ထတော့ နေညိုလာပြီ ခရီးဆက်ကြဦးစို့ ဟော ကြည့်စမ်း၊ လူသံတွေ ဆူညံ့နေဒါဘဲ ရှေ့ကို လွှန်သွားတာလဲ အမျှားကြီး နောက်နားကလဲ လူတွေ၊ အချို့ လှည်းနဲ့သွားကြ၊ အချို့က ကားစီး၊ စက်ဘီး နှင့် မြေအပြင်မှာ ခပ်တွင်တွင်လမ်းလျှောက်သူ တွေကလဲ မရေတွက်နိုင်အောင် သိပ်များပါ ကလား၊ ဘုရားပွဲတော်ဆိုတော့ တအားနဲ့ပြီး

အားခဲ့ လာလိုက်ကြတာ ယမင်းပျိုတို့မှာ သီချင်းတွေဆိုလို့ အလို ဒီလူစုက အထမ်းတွေနဲ့ ဆွမ်းပန်းကို ဘုရားလှူ၊ ကြည်ဖြူစွာ သဒ္ဓါတရားနှင့် သံယောဇော်အရှင်မြတ်ကို အားတက်အားသစ္ဓာ လှူဒါန်းဘို့ဆင်ပါရဲ့၊ ပြောရင်းဆိုရင်းနဲ့ လျှောက်လာလိုက်တာ ခရီးအတော်ကွာခဲ့ပေါ့။ နှမရေ.... ဟောဒီနေရာကတော့ ဂျုံးဂျုံးကျတဲ့ ထိုမှတခန်း ရှေ့လျှောက်ခါ လုမ်းလိုက်တော့ မပန်ခင် ပုလဲခက်ရဲ့ ဝဲဘက်ကလမ်းဖုံ လူကြုံနဲ့ လိုက်လို့သွား ရှေ့နားကြတော့ ပန်းတင်ရွာ ရေဆာလျှင်ဝင်၍တောင်းဆရာတော်၏ကျောင်းဘက်ထွက်၊ အထက်နားဆက်လိုက်တော့ မြို့ငယ်ရွာ တမိုင်သာသာ တခန်းကူးတော့ လမ်းကူးရွာသို့ ရောက်ရသဖြင့် ခေတ္တလောက် အမောဖြေပြီး တောခြေသို့ သွားရလိမ့်အုံးမယ် နှမရဲ့....။

ဒီရွာတွေက လူလဲမျှားမျှား မရှိကြပါလား.... ဘယ်သွားကြပါလိမ့်။

ဘယ်က လူရှိမှာလဲ အားလုံး ဘုရားပွဲသို့ ရောက်ကုန်ကြပြီ၊ ဒီဘုရားပွဲဟာ ဒီရွာသားတွေက အကျိုးဆောင်တွေပေါ့၊ ဟင်... အချို့နှမှာဲ အိပ်ရာက ထကြတယ်၊ ညက ပွဲကြည့်ကြတယ် ထင်ပါရဲ့ ။

ဦးမှာ ဒီရွာရဲ့အရှေ့ဘက်မှာ ရွာရှိသေးသလား....။

နတ် အေးဟာ၊ ဟောဟိုအိမ်ကြားက လမ်းကနေလေးကို လျှောက်သွားတော့ တခေါ်ဆလောက်မှာလမ်းကို ဖိလာ ဆိုးနေလဲ့ နန့်ဖားချောင်းကြီးကို တွေ့ရမယ်။ ချောင်းဟိုဘက်ကို ကူးပြီးတော့ သရက်ချိုရှာတဲ့၊ ထိုမှတဖန် သွားပြန်တော့ ကိုင်းရှာတဲ့။ ရင်းမှ တဖန် သွားပြန်တော့ တော်လှန်ရှာတဲ့၊ တော်လှန်ကနန့်ဖားချောင်းကို ကျော်ပြီး သွားလျှင် လဲ တောင်ကတုံးကို ရောက်နိုင်ဒါဘဲ နွမရဲ့။

ဦးမှာ နန့်ဖားချောင်းက ဘာတွေမျှား ဌပါသလဲ....။

နတ် နန့်ဖားချောင်းဆိုတာ ငါးပေါတယ်။ ဟင်းသီး ဟင်းရွက် ပေါတယ်၊ ရွှေလဲ ထွက်တယ်၊ ရွှေကျင်လို့လဲရတယ် ဒါကြောင့် မောင်ကြီး နတ်တောင်မှရွှေကျင်အုံးမလို့ဘဲ။

ဦးမှာ မောင်ကြီးနတ်က ရွှေဘာလုပ်ဖို့လဲ....။

နတ် အဂ္ဂိရပ်ထိုးတော့ ဓါတ်လုံး ရွှေကြွေးရအောင်။

ဦးမှာ ကြားဘူးပေါင်ရှင် နတ်အဂ္ဂိရပ်ထိုးမယ်လို့ ။

တောမွှဲသဖြန်-

ပြောမဆုံး၊ တောလုံ့တဲ့မှိုင်းညိုညို၊ ရိုင်အဝေးဆောင် ခုံဝေဆို့တယ်။ လွှမ်းဘို့နဂို့။ နုစိမ်းရဲ့စို့။ ရွက်ညိုမျှပင်ပေါင်း၊ ခါတော်မို့ ဆုသိကောင်းမှာ။ ပွင့်ကြထမ်းလောင်း။

နတ် နှမရေ မမောမပန်းဘဲ၊ တောလမ်းကိုလျှောက်လာကြတာ ရှေ့နဲ့နောက် မနီးမဝေး ခရီးကလေးကလဲ သာယာဘိသနဲ့၊ ဖွဲ့ခဲ့ခါ သီချင်းဆိုပြီး သွားကြတဲ့လူတွေကိုမြင်ရဲ့လား၊ ဘုရားဖူးလား၊ ပွဲကြည့်လား။ အဲဒါကိုတော့ခြားနားလို့ မပြောနိုင်ဘူး။ လမ်းကူးက အထက် လင်းလင်းထင်တဲ့ ကင်းပြင် လှယ်တောမှာ ကျွဲနွားတွေ ပေါပါဘိ။ ဟောဟိုက ခင်အစ္စန်းမှာတော့ ကင်းပန်းနဲ့ ကျီးအာ ကြောင်ဝျှောနဲ့ ဆူးပုတ်၊ ခရမ်းနဲ့ ရေပေါ်၊ ငပြုတ်နဲ့ ဘူးဖရုံ။ ရွှာအထက် ယာတကုန်မှာဖြင့် စုံလို့ စုံပေ ရဲ့ တ ခန်း၊ အုံ့ချိုးမှန်းရှိ မှတ်တမ်းတင်လောက်တဲ့ ဒေသပေါ်။ အဲဒီနားက လမ်းကလေး နဘေးက မြင်ရင်ဆုံးပေါ့။ ဟောဒါကအင်ကြင်းကုံးတဲ့ အင်ကြင်းပင်တွေကလဲ ရာသီအလိုက် အထိုက်လျှော်စွာပဲ့ကြရှာ ရွှေးခါအတိတ လောင်းဗုဒ္ဓ မြတ်ဆင်မင်းမှာ အင်ကြင်းပန်း အစထားပြီး ဒုက္ခ မျှားခဲ့ရတာကြောင့် အင်ကြင်းပင်ရင်းဆင်မင်း ဆဒ္ဒန် ကြောင်းကဲ့ခေ ပြန် ဆိုတဲ့ သီးချင်းကြီးကို မင်းသမီးမျှား အသံကောင်းကောင်းနဲ့ သီဆိုကြတာပေါ့ နှမရဲ့။

ညမှာ မောင်ကြီးနတ်ကလဲ ပြောလိုက်တာစုံနေတာဘဲ ရှေ့နားက လူသံတွေကြားတယ်၊ ထောက်တော့ မယ် ထင်ပါရဲ့။

အားဟုတ်သားဘဲ၊ ဟောဒီကလမ်းကလေးဟာ ပဲခင်းကို သွားကြတာပေါ့။ ဒါပေမင့် လမ်းက သိတ် မကောင်းဘူး၊ ဆက်သွား ချောင်းမှာ ရေရှိတယ်။ ဒီကနေ ကြည့်လိုက်စမ်း စခမ်းက သာသနဲ့၊ ပင်မခေါ်ရွာဟောင်းတဲ့။ ဝဲဘက်က လမ်းကြောင်းကို လိုက်သွားမှဘဲ ပဲခင်းထဲကို ရောက်မယ်။ ဒီကနေ ပြီး တောင်ဘက်ကို လိုက်သွားရင်တော့ ခေါလဲ ဆိုတဲ့ ရွာကို ရောက်သွားလိမ့်မယ် နှမရဲ့။

ဒီကနဲ့ ခေါ်လဲရွာကို ဘယ်လောက် ဝေးသလဲ....

မဝေးတော့ပါဘူး၊ ရွာက ကြက်တွန်သံတောင် ကြားနေရတယ်။ ဟောပဲခင်းက အသံခွဲစက် ဖွင့်သံတွေ ကြားပြီး အကြော်ညှော်နံ့ လဲနံ့ပြီ၊ ကဲလာလာ။ အလို ပဲတော်တွင်း ရောက်နေပါ ပေါ့လား။ ဟိုရှေ့က ရေဘံခွန်မှာ ရေချိုးပြီးမှ အားအင်လေး ဖြည့်တင်းပြီး ဘုရားပဲတော် အတွင်းမှာ နဲ့ပျော်ရင်း ချစ်သူကို တွေ့ပါလိမ့်မယ်။ မောင်ကြီးနှတ်လဲ ဟောဟို ဆရာရုံးရဲ့ အကြော်ဆိုင်မှာ ပျော်ပျော်ဆိုင်ကာ နှစ်ဘက် ဈေးဝယ်ဆင်းပြီး လာဘက်ရည် သောက်ရင်း ဆိုင်းအုံးမယ်။

တောင်ကတုံးဘုရား သမိုင်း

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုद္ဓဿ

သီဃ သိဒ္ဓန္တုသက်ပါ!

ရတနာတြီ နမောမိ၊ ပါဠိဘာသာ၊ ရတနာမြတ် သုံးပါး နတ်ကို၊ တုတ်ပြတ်ဝပ်လျှိုး၊ ရိုသွတ်ကြိုးရှိ ရှိခိုးပါ၏ အရှင်ဘုရား။

ဘဂဝါအတုလ၊ သုံးလူဘ၏၊ ဓါတ်မြေ့သရီ၊ မြတ်ဧစကို၊ ဘည်ရာ ဌာန၊ ပဗ္ဗတထီပ်ဆုံး၊ တောင်ကတုံးနှင့်၊ ခေါ်သုံး ငွေတောင်၊ မည်ဆောင် ~~သမုတ်~~ ~~အမြတ်ဖြတ်~~ ~~မှတ်သိသာ~~ အကျဉ်းပြုကာ၊ ရေးသားတည်ထောင်ရခြင်းဖြစ်ကြောင်း ဌာန

စာ ကျော်ဇင်

စီရင် ဖေ့ထုတ်၊ ဤစာအုပ်ငယ်၊ မှတ်သား ဘွယ်ကို၊ ချယ်လှယ်ခေ့ဝုစ်၊ ဟုတ်မဟုတ်နှင့်၊ ယုတ္တိယုတ္တာန်၊ မှန်မမှန်ကို၊ ဓေဘန်ထောက်ရှု၊ သတိပြု၍၊ ကြည့်ရှု ကျောက်စာ၊ ကမ္မည်းလာဖြင့် ဖေ့ရှာတည်ထွင်၊ပြုစီရင်သည်၊ ကြည်လင် ထွန်းတောက်ပစေသော်—။

တောင်ကတော်သမိုင်းကြောင်းကိုရေးရသော် မံနားကြီး ရှာဆစ၍ ရေးသားဖေါ်ပြရပေမည်။ အာဘယ်ကြောင့်ဆိုသော် အရင်းစစ်တော့ အမြစ်မြေကဆိုသကဲ့သို့ ဤစာအုပ်ကို ရေးသားဖေါ်ပြလတံ့သော အကြောင်းအရာ အဝဝတို့ဖြင့် သိရပေလိမ့်သတည်း။

ရှေကျွန်ုပ်၏တောင်စူးစူး မြို့နှင့်(၉)မိုင်ခရီးဝေးကွာသော အရပ်တွင် (မံနားကြီး)ဟု ခေါ်သော ရွာသည် ယခုတိုင်တည်လျက်ရှိပေ၏။ ထိုရွာ၏အထက်ဖြစ်သော တောင်အရပ်တွင် အရပ်ရပ်သော ဒါယကာ ဒါယိကာမတို့၏ ကုသိုလ်ရှေအိုးစိုက်ပျိုးမြှုပ်နှံရာ ဖြစ်သော ရှေးမြန်မာဘုရင်မင်းနှင့် သုဓမ္မာဆရာတော်များထံမှ အမိန့်တော် ခံရသော ပြဿဒ်ထီးတော်ကျောင်းတော်ကြီးသည်အုံ့ချီးဘုန်းရှုမခန်းမျှတည်ရှိလေသည်။ ထိုကျောင်း၏ အရှေ့ဘက်တွင် သိမ်တိုက်တော် ဘုရားကြီး၊ တောင်ဘက်တွင် ကန်တော်ကြီး ရှိလေသည်။ ကျောင်းအရာမ် (စည်းခြုံ)ကိုမူ ဝါးနက်ခေါ်သော ဝါးပင် တိုဖြင့် ခြုံစည်းရိုးပြု၍ ထားပြီးလျှင် အရာမ်အတွင်း၌ သရက်၊ မရမ်း၊ ဂနုစိုး၊ သြဇာ၊ မာကလာ၊ ပိန္နဲ၊ ထန်းပင်၊ အုန်းပင်၊ ပေပင် စသော ဥယျာဉ်တို့ဖြင့် တန်းဆာဆင်လျှက် ကျေးလက် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ တည်ရှိလေ၏။

ထိုကျောင်းကြီးသည် ယခု အချိန်မှာ မရှိတော့ပေ။ လွန်စွာဆွေးမြေ့ ဟောင်းနွမ်း ယိုယွင်း ပျက်စီးသဖြင့် သက္ကရာဇ် ၁၃၀၉-ခု နှစ်တွင် ဖျက်ပြီး ပျဉ်, တိုင်, သံ စသည်တို့ကို ရသမျှ သင့်သလို အသုံးပြုကြ၍ ၎င်းနှစ် နှောင်းတံကူးလဆန်း (၃)ရက် သောကြာနေ့မှန်းစာည့် အချိန်တွင် ပန္နက်ရိုက်၍ အသစ်ပြန်ဆောက်ခြင်းအမှုကို ပြုကြ၏။ သိမ်တော်ကြီးနှင့် ကန်တော်ကြီး တို့ကား ယခုတိုင် ရှိပါသေး၏။ သို့သော် ရေးမူလနှင့်တော့ မတူတော့ပါ။ ပျက်စီး၍ နေချေပြီတကား။

ထိုကျောင်းကြီးကိုဘုရင်မင်းမြတ်နှင့်တကွ သုဓမ္မာဆရာတော် မျှားထံမှအမိန့်တော် စာပုလ္လကို သမိုင်းစာအုပ်ဖြစ်မြောက်ရန် မှတ်စုမှတ်ရာ အဖြာဖြာတို့ဖြင့် မှတ်တမ်းတင်ရေးသားပေးဘော် မူသော၊ယခုအခါသီတင်းသုံးလျက်ရှိသော မံနားကြီးကျောင်း ဆရာတော် ဦးကောဝိဒက ဘတ်ရှု၍ မှတ်တမ်းတင်ကာ စာမူ ကိုလည်း နှုတ်ငုံရထားပါ၏။ ကတ္တိပါအိတ်စုတ် အမိန့်တော် စာပုလ္လ ကြည်တော်ကိုအတွင်းမှ ပေရွက်နှင့် ရှေခြေသော့တံဆိပ် ခပ်နှိပ်၍ရှိသောစာ ဖြစ်သည်။

ထိုစာမှာ အောက်ပါအတိုင်း

ဘုန်းတော် အလွန် ကြီးမြတ်တော် မူလုသော ဆဒ္ဒန် ဆင်မင်းသခင် လက်နက်စကြာရှင် ဘဝရှင်မင်းတြား ကြီးနှင့်တကွ သုဓမ္မာဆရာတော်မျှား အမိန့်တော်ရှိလိုက် သည်။ ဗန်းမော်ဒီစတြိတ်ရှေကူမြို့အပိုင် ကျေးတောကြီး

ရှေ့ခင် စည်သာရွာနေ ဒါယကာဝင်ရှေသားက မံနားကြီး ရှာဦးဌ ကျောင်းဆောက်လှူဒါန်းလိုကြောင်း လျှောက်ထားသောကြောင့် ဘုံခုနှစ်ဆင့်ရှိသော ပြဿာဒ်ထီး ဝိုက်၊ မှန်စီရှေ့ချ၊ တိုင်ထိပ်ကြာခံ၊ အောက်သမံတလင်း မှခိုလေးမှခိ၊ လှေကားလေးငင်းတပ် လျှောက်ပတ်သော ကျောင်းကြီးကို ကုသိုလ်တော် ပွားဆောက်လုပ် လှူဒါန်းပေ၊

ဂုဏ်းစာပုလေ ကြည်တောက်ကား ယခုတိုင်ရှိပါသေး၏။ အတွင်းက ပေစာမှာမူ ပျက်စီးကြမ္ဘ၍ သွားခေါ်ပြီ၊

ဂုဏ် မံနားကြီး ကျောင်းဌ ပထမ ဆရာတော်ကား (တိုးဝေါ်ဆောင်ဇာ)မည်သောဆရာတော်ကြီးဖြစ်ပါ၏။ ဘွဲ့တော်ကို မသိကြပါ။ ဒုတိယ ဆရာတော်ကား လူအမည် (ဦးနှောင်း) ရဟန်းဘွဲ့တော် ဦးဂုဏ ဖြစ်ပါသည်။ ဒုတိယဆရာတော် ဘုရားကြီး၏ ဟပည့်မျှားကား ယခုတိုင်ရှိပါသေး၏၊

ပြဆိုအပ်ပြီးသော မံနားကြီးကျောင်း ဒုတိယပြောက် ဖြစ်တော် မူသော အရှင်ဂုဏ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏ ဟောပြမိန့်မှာ သာသနာသည်ငါးထောင် ရှည်ကြာ တည်ပါစေခြင်း အကျိုးငှါခင်း၊ သတ္တဝါ အများ သုံးဘုံ သားတို့ အားထားမှီတွယ် ကိုးကွယ်ဆည်းကပ်ကြသာဖြင့် မြင့်ရှည်လှစွာ သံသရာမှ မြန်စွာ ထွက်မြောက် နိဗ္ဗာန်သို့ ရောက်ကြစေခြင်းအကျိုးငှါခင်း၊ ကောင်းသော မနသိကာရ

သမ္ဘာဆဋ္ဌ ရှိတော်မူသောကြောင့် မံနှားကြီးကျောင်း၏အရှေ့မ်အတွင်းဖြစ်သော အရှေ့ အရပ်၌ သက္ကရာဇ် ၁၂၅၆-ခုနှစ် ပြာသိုလပြည့်ကျော် (၇)ရက် ဗုဒ္ဓဟူးနေ့ ၂-ချက်တီးကျော် (၇)နှစ်ဖဝါးတဖီ ကောင်းမြတ်သောအချိန်တွင် ခဏ္ဍသိမ်တော်ကြီးကို သမုတ်၍ ပြီးစီး အောင်မြင်လေသည်။ ထိုသိမ်တော်ကျောင်းတိုက်ကြီး အတွင်း၌ အရှေ့တော် (၁၂)တောင် ၁၄-လက်မရှိသော ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးကို သတ္တဝါအများ ကုသိုလ်ပွားစေရန် တည်ထားကိုးကွယ်တော် မူခဲ့လေသတည်း။

> အောက်သမ်တလင်းမှ ဘဝါးတော်အထိ ပလ္လင်တော်အမြင့်မှာ ၁-တောင် ၆-လက်မရှိသည်၊ သမ်တလင်းမှ မုန်တော်အထိ အရှေ့တောင်ကား ၁၄-တောင် ၂-လက်မ ရှိလေသည်။

မံနှားကြီးမှ အရှေ့စူးစူးသို့ ရွှေမျှော်သည်ရှိသော် ခရီးလေးမိုင်ခန့် ဝေးကွာသော အရပ်ဝယ် ညို့ညို့မှိုင်း၍ ဝေဆိုင်းပြာမှောင် အရောင်တမျိုး၊ မြူခိုးတောင်ခိုး ရှိုရှိုးစမ်းချောင်း တောင်နှာမောင်းနှင့် ပန်းပေါင်း ထုံသင်းလေပြည်ငြိမ်း၍ ငွေနှင်းစေ့သွန် ရေတံခွန်နှင့် ဟာဝန်မြို့ငတန်း ဂနိုင်ဆန်းသည့် ရှုခန်းမအိ ယောဂီတောပျော် မွေ့လျော်ခလေ့ နေစချင့်ဘွယ် တင့်တယ်အရိပ် ဇော်ဖေဝိဇ်တို့ ဆေးကြိတ်ရန်ပင် သူတော်စင်အပေါင်း ပျော်အောင်းခိုမှီး တကိုယ်ဘည်းနေဆိုင်၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းထုမှန် ပြည်နိုဗွာန်သို့ လျင်မြန် ထောက်

ကြောင်း။ တရားကောင်းကို နှစ်ထောင်းအားရ၊ လုံးလေ ကြိုးကုတ်၊ အားထုတ်ထုတခန်း လွန်တင့်ဆန်းသော တောင်တန်းကြီးကို မြင်တွေ့ကြရပေသည်။

ထိုတောင်တန်းကြီး၏ အမည်မျှားမှာကား မောင်တောင် (ငွေတောင်)ခေါ် တောင်ကတုံ၊ဖင်လန်တောင်၊ အင်းတောင် ပုံနလိန်းတောင်၊ တောင်သုံးဆင့်၊ မင်းရဲတောင်၊ ရွှေတောင်တို့ ဟူ၍ ခေါ်ဝေါ်ကြလေ၏။ ထိုတောင်မျှားခို သစ်ဝါးတို့ မျှားစွာပေါက်ရောက်ကြလေသည်။ လူနေနှင့်ကားမဝေးလှပေ၊ ထိုတောင်ခြေအနီးတွင် တော်လှန်ရှာ၊ ကိုင်းရှာ၊ လမ်းကူးရှာ၊ ခေါလဲရှာ၊ တာလီရှာ၊ စင်းဖုတ်၊ စည်သောင်စသော ရှာကြီး ရှာငယ်တို့သည် ဒေသအားလျှောစွာ ဆက်စပ်လျှက် တည်ရှိကြလေ၏။

ထိုရှာမျှားနှင့် မလှမ်းမကမ်း ရှာပေါင်းမျှားစွာ လူနေ အိမ်ခြေ၊ ကားလမ်းလှည်းလမ်း၊ ဆေးခန်း၊ ဂိုဒေါင်၊ ရဲစခန်း တို့ဖြင့် ညောကားသိုက်မြိုက် ဒေသအလိုက် ပျော်ပိုက်စရာ ကောင်းသော ရွှေကူကျေးလက် ကျေးတောကြီးဟူ၍ ထင်ရှား လေ၏။ ထိုဒေသတွင် နေထိုင်ကြသောလူမျှား၏ အယူဝါဒမှာ ဗုဒ္ဓဘာသာပင်ဖြစ်၍ လယ်ယာ လုပ်ကိုင်ကြသော တောင်သူ လယ်သမားတို့၏ နေထိုင်ရာအရပ်ဒေသပင်ဖြစ်လေသည်။

ပြဆိုအပ်ပြီးသော တောင်တို့တွင် မ'နှားကြီး၏ အရှေ့ အရပ်သို့ ကြည့်သော် (ငွေတောင်)ခေါ် တောင်ကတုံးကို မြင်နိုင်၏၊ တောင်အရပ်သို့ကြည့်သော် ရွှေတောင်ကိုမြင်နိုင်၏။

ထိုတောင်နှစ်လုံးတို့တွင် ရှေတောင်သည် ကြီးကျယ်မြင့်မား၏။ ရောဝတီမြစ်သို့ စုံဆင်းရှိသ့ားရာ တကောင်းမြို့ အနီးကပင် မြင်နိုင်ပါသည်။ ကျော်စောထင်ရှားသော တောင်ပင်တည်း။

ပြဆိုအပ်ခဲ့ပြီးသော ရှာမျှားဌ် နေကြသော လူအပေါင်းတို့သည် ရှေတောင်အရှင်နတ်ကြီးကိုပင် ပူဇော်ပသကြလေ၏။ ထိုရှေတောင်နှင့် ပတ်ဝန်းကျင် ဒေသတို့ဌ်လည်း သစ်တောဝါးတော ထူထပ်လှသည်၊ တောင်ခြေရင်းဌ်ကား စက္ကလာချောင်းရှိလေ၏။ ထိုချောင်းသည် ရောဝတီမြစ်သို့ အစဉ်သဖြင့် စီးဆင်းသ့ားလေသည်။ ဤကား ရှေတောင်၏အကြောင်းသိကောင်စရာအကျဉ်းသာတည်း။

ဌေတောင် ဟူသည်ကား (တောင်ကတုံ)ပင် ဖြစ်၏။ ဌေတောင်ဟူသောအမည်သည် ယခုအခါ မပေါ်လှင်တော့ပေ။ ထိုဌေတောင်သည် ခေါလဲရှာနှင့် နီးကပ်စ့ာ (၉)ဖါလုံ ခန့်သာ ဝေးကွာသော အရပ်ဌ် တောတန်း စိမ့်စမ်း ရေတံခွန် တို့ဖြင့် ပြည့်စုံစ့ာ တန်ဆာဆင်လျက် တည်ရှိလေ၏။

တောင်ကတုံးဟု ခေါ်ဝေါ်ကြခြင်းမှာ တောင်ခြေရင်းမှ တောင်တဝက်ခန့်လောက် အထိ ဝါးပင်၊ အင်ကြင်းပင်၊ ကျွန်းပင် စသော ပင်မျိုးစုံတို့ဖြင့် ရှုချင့်စဖွယ် တင့်တယ်စ့ာပေါက်ရောက်ကြပြီးလျှင် တောင်ခုလပ်မှ တောင်ထိပ်သို့ ရောက်အောင် သစ်ပင်ဝါးပင်တို့ မပေါက်ရောက်တော့ဘဲ ရှိခဲ့လေ၏။ အကယ်၍ သစ်ပင်များ ပေါက်ရောက်ခဲ့သည် ရှိသော် မကြီးမြင့်မပင်လျှင် မိုးကြိုးခတ်သော်ရင်း အလိုအလျောက်သော်ရင်း ပျက်စီးသ့ားပါ၏။

သက္ကရာဇ် ၁၃၂၃-ခုနှစ်နယုံလစွာင်အာရုံခံ တန်ဆောင်း အသစ်၏ သမ်တလင်း ခင်းကြင်းနေစဉ် အတွင်း လုံးပါတ်လေးပေါ ငါးပေခန့်ရှိသော အင်ကြင်းတပင်သည် အဖေါ်မမှီး တပင် ထည်းထည်း ကြီးမြင့်စီကား ကြီးထွား လာသဖြင့် မိုးကြိုးခရ၍ ပျက်စီးသွားသည်ကို စာရေးသူ မျက်မှောက်ဌပင် တွေ့မြင်ကဲ့ရပါသည်။

ဘောင်ခုလပ်မှ တောင်ထိပ်အထိဒေတခုလုံးဌ မျက်မှေး ခေါ် ကိုင်းပင် များသော ပေါက်ရောက် စီကားလျက် ရှိ၏။ နေ့ညတုအခါ မီးသင့်လောင်သဖြင့် လွန်စွာ သန့်ရှင်းလျက် ပြောင်ပြောင်လက်လက်ရှိ၏။ ထိုသို့ ဇတောင်ကိပ်တွင် သစ်ပင် ဝါးပင်များ မရှိ၍ ဦးဗျည်းခေါင်းတုံးသည်နှင့်တူသောကြောင့် ဇွေတောင်ဟူသော အမည်မှ ကာလ ရှည်ကြာလာသောအခါ ဟောင်ခေါင်းတုံးကို တောင်ကတုံး ဟူသော အမည်သစ်သို့ ယခုတိုင် ခေါ်ဝေါ်သမုတ်ကြလေသတည်း။

တောင်ကတုံး၏ အနေ့ဘက်တွင် နီးကပ် ယှဉ်စပ်လျက် ရှိသော တောင်ငယ်တလုံးရှိ၏။ ထိုးတောင်ငယ်လည်း တောင်ကတုံးနှင့် အသွင် တူပြီး သစ်ပင်ဝါးပင်တို့ တောင်ထိပ်ဌ မပေါက်ရောက်၊ထိုးတောင်ငယ်ကို(မောင်တောင်)ဟုခေါ်ကြ၏။

ထိုးတောင်များမှာ မြေနည်း၍ ကျောက်လုံး ကျောက်ခဲ များသာ ဖြစ်၏။ တောင်ခြေရင်းမှ ပေ ၃၀၀-ခန့် အမြင့်တွင် တောင်ပေါ်ကုံတက်သောလမ်းနှင့်ကပ်လျက်လမ်း၏လက်ျာဘက် တနေရာဌ ကျောင်းနှင့်သိမ်လည်း ရှိပါသည်။

၁၁၃၁-ခု ကဆုန်လဆန်း(၁၃)ရက်နေ့၌ထိုကျောင်းကို မီးလောင်သွားပြီ ဖြစ်၍ ကျောင်းကုန်းတွင် စိုက်ထားသော သရက်၊ပိန္နဲ၊ မကျည်းပင်စသော ဥယျာဉ်များနှင့် ခက္ကာ သိမ်တော်သာ ကြွင်းကျန်လျက် ရှိပါတော့သည်။ ထိုကျောင်းကို ၁၂၇၂-ခုနှစ်လောက်တွင် ဆောက်လုပ်သည်ဟုထင်ရသည်။ကျောင်းဒါယကာမှာ တုံးကောက် ရွာမှ ဦးဆော့ ရဟန်းခမည်းတော်ကြီးပင်ဖြစ်၏။

တောင်ကတုံး၏ သာယာခြင်းမှာ နေ့ညတို့ ညီ့မိုင်း ဝေမှောင်သောအရောင်အဆင်းရှိ၍ မိုးညတို့ စိမ်းလန်း စိုပြေသော အဆင်း၊ ဆောင်းညတို့ ဝါရွှေသော အဆင်းရှိ၏။ သီတင်းကျွတ်လ အချိန် မျှားတွင် တောင်၏ ကြက်သရေကို ဆောင်သော ပန်းမျှားလည်း ပွင့်ကြ၏။ ထိုပန်း၏ အမည်ကား (တောင်ကတုံးပန်း) ဟူ၍သာ ခေါ်ကြသည်၊ ထိုပန်းမျိုးကို အာဘယ်ဒေသမှာမှ မပေါက်ရောက် မမြင်ဘူးပါ။ ဤတောင်ဒေသမှလွဲ၍ မရှိပါ။ ၎င်းပန်း၏ အရောင် အဆင်းမှာ နီပြေပြေ ပြာညိုရောင်အဆင်းနှင့် သင်းထုံ့ရနံ့၊ ပျံ့တမွှေးမွှေး၊အေးအေး လှိုင်ကြ။ ခိုင်မဉ္ဇ။သို့၊ မြင်သူအပေါင်း ရှုမည်ဟောင်း၊ နှစ်ထောင်းအားရ၊ ပန်ဆင်ကြလို၊ ရှယ်နုပျို့တို့၊ ထိုမှတပြား၊ စိန်ဆွယ်ကို ပုဇော်သက္ကာ၊လှူဒါန်းကြ၍ နိုင်ငံ့ဝန်မည်၊မြို့ရှေ့ပြည်သို့ စိတ်ရည်နှုတ်မြှက်၊ ဆုပန္နတ်သည်၊ မပျက်ဆုံးခန်း၊ကတုံးပန်းဟူ၊ အမည်တွင်လေသည်။

ထိုခေတာင်ကတုံးမောင်တောင်တို့ဘုင်တည်ရှိသောကျောက်များပေါ် ဗဟန်းကျောက်၊ သံခကျောက်၊ သတ္တုခကျောက်များ ဖြစ်ကြ၍ ထိုကျောက်များအကြား၌ ဒန့်သခွါးနှယ်၊ အင်ဘိုင်ရေ ဆေးနီပင်များ ပေါက်ကြသည်၊ တောင်ပေါ်တက်သောအခါ လွှန်စွာမောပန်းကြသော်လည်း တောင်ထိပ်သို့ ရောက်သောအခါ....

အရှေ့အနောက်၊ တောင်မြောက်ဝယာ၊ ရုပ်ဒီယာမ ဒါတာဝါယော ဒလဟောကြောင့်၊ မောသည်နှမ်းသည် ပင်ပန်းသည်ဟု သည်းခံကြိုးကြိုက် ပူအိုက်ကင်းဝေး လေပြေသွေးက ဝိုက်အေးချမ်းသာ လွှန်သာယာသည် ဘယာနတ္တိ ဘေးမရှိ၊

ညနေချိန်ဘိန်ဝင်းလို့ နေမင်းတဲ့ ရောင်သွယ်သွယ်၊ ပလ်ချယ်ဘိုလေး၊ နီပြာဝါ ညိုမှောင်သန်းပြန်တော့ ကြည်သာယာ ဟိုဟောင်ဘန်းမှာ နတ်ပန်းချီ ဆေးစုံ ခွန်းသည့်နှယ် ဆန်းကြယ်လှလေး

ဟူသကဲ့သို့ ဘောင်ကတုံးစသော တောင်စဉ်တောင်တန်း ကြီးများမှာ ညနေချိန်အခါ၌ နေဝါ၏ ရောင်ရှိန်ကြောင့် တောင်အလုံးထိန်ဝင်း၊ ရှုခင်းသာယာ၊ နီပြာဝါ ညိုလဲ့လဲ့၊ ပြာနှံ့နှံ့ ခိန်းညို ညို့၊ မခိုတရိ ဝမ်ခိုင်းရှမ်ပြဲသူတိုင်း ရှုမဆုံးနိုင်ဘဲ ကြည်လင်ရှင်ပြုံး တောင်ကတုံးပါ၁ပေတည်း။

တောင်ကတုံ:သည် ပင်လယ်ပြင်မှ ၁၀ ထောင့်သုံးရာ (၁၃၀၀)ကျော် မြင့်၏။ တောင်ခြေရင်းမှ တောင်ပေါ်သို့ တက်သော လမ်းမှာ ပတ်လမ်း၊ ဖြတ်လမ်းဟူ၍ နှစ်လမ်းရှိ၏၊ အောက်မှ အထက်သို့ ပတ်လမ်းအတိုင်း လက်ျာရစ်လည်၍ လှည့်ဖြင့်တက်နိုင်၏၊ လွန်စွာ ခရီးဝေးလှသည်၊ ဖြတ်လမ်းမှာကား အောက် ရေတံခွန် ချောင်းမှ ကျောင်းကုံး၊ ကျောင်းကုံးမှ တောင်ပေါ်သို့တက်သောလမ်း သိုလမ်းသည် လွန်စွာမတ်ဝောက်၍ ခရီးတိုပါသည်။

ဤသို့ပြဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးများကြောင့်နှင့် သာယာတင့်ဆန်း ရှင်လမ်းမဆုံး တောင်ကတုံ:၌ လွန်ခဲ့လေပြီးသော နှစ်ပေါင်းများစွာက ဘာဝနာတရားပွားများပျိုးမွေ့လျက် မဂ္ဂ၊ ဖလ ဝိုးဝေဝိုရယနှင့် ပြည့်စုံလှပသော ရဟန်းသူမြတ်တဦးသည် တိုတောင်ကို အခြေပြု၍ ကျောင်းကုံးတွင် သက်နှင်းခကျောင်း ပြုလုပ်၍ရှင်း၊ တောင်ခြေရင်း၌ရှိသမျှသော တသွင်သွင် စီးဆင်းလျက်ရှိသော ရေတံခွန်ချောင်းနား၌ရှင်း၊ မွေ့လျော်ဝံ့ယဉ်၊ တင့်ဖာယ် ကောင်းမြတ်သော သက်နှင်းကျောင်းငယ်ကလေးပြုခဲ့ လေးပါးကျင်ရှိယာ ချုတစ္စာနှင့် ဘာဝနာကမ္မဋ္ဌာန်းစီးပြန်း အားတိုးထလျက် နေထိုင် သီတင်းသုံးလျက်ရှိ၏။ ထိုရဟန်းသူကြီးသည် ဘကိုယ်တည်း (၆ကစာ) သွားလာလှုပ်လည်လည်လျက် တောင်သိပ်ပေါ်၌ရှင်း၊ တောင်အောက် တောင်ခွင်၊ ပေါ်ပတ်ဝန်းကျင်တို့၌ရှင်း၊ ကမ္ဋ္ဌာန်းဘာဝနာ ပွားပြန်းကာဖြင့် နှစ်ပေါင်းများစွာ နေလေ၏။

ထိုသို့နေရာတွင် ရခဲ့သော ကြီး တောင်ထိပ်သို့ ရောက်သော အခါတိုင်း ကျောက်ခဲတို့ကိုစုပုံ၍ စေတီတော်ဟူသော အမှတ်အသားဖြင့် ပြုလုပ်ထားလေ၏။ ထိုရသေ့ကြီး၏ အမျိုးအမည် အဆက်အနွယ်မှာမူထင်ပေါ်ကျော်စောခြင်းမရှိပေ၊ နှာခေါင်းဌ ဝေဒနာရှိဟန်တူ၏၊ စကားပြောသောအခါ နှာသံပါသည်ဟု မဲ့နားရှာ ဆရာကြီး ဦးသိုက်နှင့် တာလီရှာ ဦးပုတ္တိပြောပြ၍ ဆရာတော်၏စာတန်းဟောင် မှတ်တန်းတင်ရေးသားထားပေသည်၊ သို့သော် အမှတ်အသားကောင်းစွာမသေချာပါ။

မဲ့နားကြီး ရှာဦးကျောင်းဌ နှစ်ချိုက် မေ့လျော်၊ လေးဘော်ယာပထ မျှတရှင်ပြုံး သီတင်းသုံး နေထိုင်တော်မူသော သိက္ခာကာမ လင့်ပေသလ၊ဝိနယရေ၊ ဝိနယကုက္ကုစ္စ ဖြစ်တော်မူသော ဒုတိယမြောက်ဆရာတော် အရှင်ဂုဏသည် ထိုတောင်ကတုံးသို့ မကြာမကြာကြွသွားတော်မူ၍ ရသေ့ကြီးနှင့် တွေ့ဆုံကာ တရားသဘော ဟောပြောဆုံးမ သြဝါဒဖြင့် ဆွေးနွေးမေးမြန်းလျက် နေလေ့ရှိတော်မူ၏။

ဆရာတော်နှင့် ရသေ့ကြီးတို့သည် ထိုဘောင်ထိပ်၊ တောင်အောက် ရှိမြောင်စိမ့်ဝမ်းတို့ကို သွားလာ လှည့်လည်ကြရာ တောင်ပေါ်မှ ရှုမျှော်သည်ရှိသော် အရပ်လေးမျက်နှာကို မြင်တွေ့ရ၍ရင်း၊ လွန်စွာမြင့်မား သာယာလှသော တောင်ထိပ် အရပ်တွင် ရသေ့ကြီးစုပုံထားသောစေတီအမှတ်၊ကျောက်ပုံကို မြင်တော်မူပြန်၍ စုပုံထားသော ဤနေရာ၌ ဗုဒ္ဓကိုယ်တော်စား ရည်မှတ်ပြီး လူနတ်အများ ကိုးကွယ်ဆည်းကပ်ကြစေရန် ရည်သန်နှလုံး ကိန်းဝပ်စုံးလျက် စေတီတော်မြတ်ကို တည်ထား

ကိုးကွယ်လိုသောစိတ် ဖြစ်ပေါ်တော်မူ၍ ရသေ့ကြီးအား ပြောကြားတိုင်ပင် ဆွေးနွေးရာ ရသေ့ကြီးကလည်း လွန်စွာ သဘောကြသဖြင့် သင့်တင့်လျောက်ပတ် အလွန်ကောင်းမြတ် ကြောင်းကို ဆရာတော်အား ပြန်လည်လျောက်ကြားလေ၏။

ထိုသို့ ဆရာတော်နှင့် ရသေ့ကြီး သဘော ညီကြ သဖြင့် -စတီတော်ဘုရား ကည်ဆား ကြေးနှင့် သမ္ဘာသန္ဓေတော် ရှိကြသည့်အတိုင်း ဖြစ်မြောက် ပေါ်ပြင်နေကာလည်း အားလုပ် ကြိုးစားကြရမည်ဖြစ်ကြောင်း ဆုံးဖြတ် လိုက်ကြလေသတည်း။

ထိုအချိန်အခါ၏ ခုနှစ် သက္ကရာဇ်ကိုကား အတိအကျ စုံစမ်းရှာဖွေ၍ မရပါ။ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းပင် ရေးသားရပါတော့သည်။ အနုမာန အားဖြင့် စ်စ်ဝေဖန် ရမည် ဆိုလျှင် ဗြိတိသျှခေတ် အစလောက်ကပင် ဖြစ်ပေ လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော်ထိုအချိန်အခါက ဆရာတော် ဘုရားကြီးသည် ရွှေကျွန်ဖြို၏ ကျေးလက် ဒေသ ဖြစ်သော ကျေးတောကြီးခရိုင်နှင့် ချောင်းခရိုင် တဝှမ်းလုံ ကို တရားဝင် သြဝါဒဖြင့်ဆုံးမဟောကြားကာ ဒါယကာဒါယိကာမအပေါင်း တို၏ နိဗ္ဗာန် ရောက်ကြောင်းကောင်းကျိုး ချမ်းသာ မင်္ဂလာကို မျှော်ခေါ်ထောက်ထားသော သက်တော်ရှည်ဆရာတော်တပါး ဖြစ်လေ၏။

ဤကဲ့သို့ ဆရာတော်နှင့် ရသေ့ကြီးတို့တိုင်ပင်၍ ဘုရား တည်ရန် ကြံစည်ဆဲတွင် ကျွန်ုပ်တို့ မြန်မာပြည်ကြီးကို အင်္ဂလိပ် လူမျိုးတို့ အုပ်စိုးနေသဖြင့် တောင်တန်းဗိုလ်ခေါ် အင်္ဂလိပ်

လူမျိုးသည် ဤတောင်ကတုံးနှင့် ကသာမြို့ မီးရထားလမ်း ဖက်ဆုတ် တောင်ကို ကြည့်မျှော်၍ မြင်ရသဖြင့် မှန်ချိန် (မှန်မြို့)တောင် အဖြစ် ကျောက်ထိုင်စိုက်ရန် စီစဉ်လေသည်။

ထိုအကြောင်း ကိစ္စကို ဆရာတော်ကြီး သိတော်မူ၍ ဤတောင်ထိပ်တွင် ဗုဒ္ဓဘာသာတို့ အယူဝါဒ အားလျှော်စွာ စေတီတော်ဘုရား တည်ထား ကိုးကွယ်ရန် စေတီ ကျောက်ပုံ အမှတ်အသားပြုလုပ် သတ်မှတ်ထားကြောင်း၊ စေတီကျောက်ပုံ ကိုလည်း ပြ၍ ပြောပြသ ဖြင့် အဆင်ပြေမှု ရှိလေ၏။ မကြာမီ ဆရာတော်နှင့် ရသေ့ကြီး တို့သည် ကျောက်အုံ့ အနည်းငယ်ဖြင့် စေတီငယ်တဆူကို အဆောတလျင် တည်ထား လိုက်ကြလေ၏။ ဤကားပထမအကြိမ်ပင်တည်း။

ထိုနောက် သက္ကရာဇ် ၁၂၇၀ ခုနှစ် လောက်တွင် ကျေးတောကြီးခရိုင်ချောင်းခရိုင်ရှိအားလုံးသောသူကြီး၊လူကြီး များကို မံနားကြီးကျောင်း၌ အညီအညွတ် စီးပေးစေပြီးလျှင် တောင်ကတုံး ထိပ်ပေါ်တွင် တည်ထားသော စေတီငယ်ကို အသစ်ထပ်မံ တိုးခဲ့ပြုပြင်လိုကြောင်း ဆရာတော်က အမိန့်ရှိ ပေါ်ပြော သဖြင့် ဒါယကာ၊ သူကြီး၊ လူကြီး တို့ကလည်း သာသနာတော်၌ ယုံကြည် လေးစား အားထား ကိုးကွယ် ဆည်းကပ်သည် အားလျှော်စွာ အချင်းချင်း တိုင်ပင် ညှိနှိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီးလျှင် ဆရာတော်၏အမိန့်တော်ကို တသဝေမတိမ်း လိုက်နာ ဆောင်ရွက်ကြလိုကြောင်း လောက ဓမ္မ နှစ်ပေါ်သောအကျိုးကို မျှော်ကိုး တောင့်တလျက် အားတက်

သယော သဘောတူညီစွာ ပြုလုပ်လိုကြကြောင်း ဆရာတော်ဘုရားကြီးက ဦးစီးနာယကာ ပြုလုပ်တော်မူ၍ ဆရာတော်၏ ဆန္ဒတော်အတိုင်း လိုက်နာဆောင်ရွက်ကြရန်အသင့်ဖြစ်ကြောင်း မျှားကို တာဝန်ယူကာ လျှောက်ထားကြလေသတည်း။

ထိုအခါ ဆရာတော် ဘုရားကြီးသည် ဒါယကာမျှား လျှောက်ထားချက် အရ ဦးစီးနာယက ပြုတော်မူ၍ ပန်းရံ အလုပ်သမားများ ငှါးစေပြီးလျှင် တောင်၏အရှေ့တောင်ဖက် တောင်ခြေရင်း ဖြစ်သော လယ်ဘုတ် ခေါ်သော အရပ်၌ အုံ့မျှားကို ပြုလုပ်စေပါသည်။ ထိုအရပ်၌ အုံ့တလင်း အုံ့ကျင်းမျှားမှာ ယခုအချိန်အထိ ရှိပါ၏သေး၏။ လယ်ဘုတ်မှ အုံ့မျှားကို တောင်ပေါ်သို့ခဲယင်းစွာတင်ရသဖြင့် နောက်တဖန် တောင်ပေါ်သို့ တက်ရင် လွယ်ကူစွာ သယ်ယူနိုင်စေရန် ယခုစဲ့တော်ကျင်းပရာ ဖြစ်သော ရေတံခွန်ချောင်းအနီး၌ အုံ့မျှား ပြုလုပ်စေပြန်ပါသည်။

ထိုပွဲခင်းမှ အုံ့မျှားကို ပေ၁၃၀၀-ကျော် ဗြဲ့ဝ်သော တောင်ပေါ်သို့တင်ခြင်းမှာဘုရားတခုံးတော်နှင့် သာသနာ့စောင့် ဘောင်စောင့်စသော နတ်မျှား၏ စောင့်ရှောက်မှုကြောင့်ဌင်း ဆရာတော်ဘုရား မေတ္တာစေတနာ နှုံးဆော်ခါ ပြုမှုကြောင့်ဌင်း စေတနာ သဒ္ဓါတရား ပြည့်ဝ ကြသော ခရိုင်သူ ခရိုင်သား အားလုံးသော ဒါယကာ ဒါယိကာမ တို့သည် အုံ့မျှားကို တဦးမှတဦးသို့ လက်ဆင့်ကမ်းလှမ်း၍ တင်ဆောင်ကြခြင်းကား ဘေးမသီရန်မခ အောင်ပြင်စွာ တောင်ထိပ်ပေါ်သို့ ရောက်လေ၏။

ယင်းကဲ့သို့ လက်ဆင့်ကမ်းရှိတသွယ်၊ ထမ်းရှိသယ်ခြင်းတဝ စသည်တို့ကြောင့် အလုံးစုံသော အုဋ္ဌမျှားသည် အောင်မြင်စွာ တောင်ထိပ်သို့ ပို့ဆောင်ကြပြီးလျှင် ယခင် ပထမတည်ထားသော ဗုဒ္ဓမြတ်သရီ စာတော် ဘေ တီ တော် မြတ် ကို နောက်ထပ်တဖန်ကြီးကျယ်အောင် မွန်းမံ၍=

အုဋ္ဌရှစ်အစ်ကေး၊ တင်လဲဒွေး၊ အုံ့တုံ့ပဋ္ဌ ကျွဲကောင်ဆပ္ပာသော အင်္ဂေတစနှစ်ဖြင့် အသစ်ငုံ၍ ကပ်မံ တည်ကြပြန်လေသည်။ သစ်သား တံခွန်တိုင်ကြီးပါ ကောင်းစွာ စိုက်ထူ၍ ပြီးစီးအောင်မြင်ကော် မွမ်းလေသည်။

ဤကား ဒုတိယအကြိမ် တည်ထားကိုးကွယ်ခြင်းပင်တည်း။

သက္ကရာဇ်ကို ဝေဖန်ပုံ

ဤသို့ တောင်ကတုံး စေတီတော်ကြီးကို ဒုတိယအကြိမ် ထပ်မံ၍ တည်ထား ကိုးကွယ်သည် ဟူ၍နှင့် သက္ကရာဇ်ကို ဝေဘန်ရာ၏။ မံနှားကြီးသိမ်သည် ၁၂၇၆-ခု ပြာသိုလပြည့်ကျော် (၇)ရက် ၄-ဟူးနေ့ ၂-ချက်တီးကျော် ၇-ဘုဝ ၁-ပိန် အချိန် သမုတ်၍ ပြီးစီးအောင်မြင်သည်။

ခေါင်းလောင်းကြီးမှာ ၁၂၆၃-ခု ကဆုန်လပြည့်နေ့ ပြီးစီး အောင်မြင်သည်။ ကြေးချိန် (၁၄၀)ပိဿာ ရှိ၏။ ဗောဓိတောင်ကတုံးသိမ်သည် ၁၂၇၃-ခုနှစ်တံကူးလဆန်း၅-ရက် ၆-ကြာနေ့ နံနက် ၁-ချက်တီးကျော် စက်၁၀-နာရီ အချိန် သမုတ်၍ ပြီးစီးအောင်မြင်သည်။

တောင်ပေါ်ရှိ ခေါင်းလောင်းကြီးမှာ ၁၂၇၀-ပြည့် ဘံကူးလပြည့်ကျော် ၃-ရက် ၄-ဟူးနေ့ ပြီးစီးအောင်မြင်သည်။ ခြေးချိန် (၁၇၀)ပိဿာရှိ၏။

ဤကျောက်စာ ကမ္ဘည်း တို့ကို ဝေဘန် လိုက်သော် မဲ့နားကြီးသိမ်အတွင်း(၁၄)တောင်၊(၂)လက်မရှိ ရုပ်တောင်မှ ရုပ်ပွားတောင်ကို စိမ့်ထုလုပ်ခြင်း ကြီးကျယ်သော သိမ်ဘုံကိုတောင်ကို ဆောက်လုပ်ခြင်းစသော အမှုကိစ္စတို့ကို ကြည့်ခြင်းအားဖြင့် တောင်ကတုံးဌာ ပဌမစေတီတော်အဖြစ် ကျောက်ပုံတည်ထားခြင်းကား ကြာမြင့်ပြီဖြစ်ပါလိမ့်မည်။

ထိုနောက်ဒုတိယအကြိမ် ဤကျောက်ပုံ စေတီနေရာဌာပင်အသစ်ငုံ၍ (အုဋ္ဌရှစ်စေ်ကေး အင်္ဂတေဖြင့်) တည်ထားသော စေတီတော်သည် သက္ကရာဇ် (၁၂၇၀)ပြည့်နှစ်ဌာဝင်း၊ ၇၁-ခု ၇၂-ခုနှစ်တို့ဌာဝင်း ၁၂၆၈-ခု ၁၂၆၉-ခုက သော်ဝင်း၊ ရှေ့နောက်ကို ဝေဘန်ရာ၏။

တောင်ကတုံးသိမ် ၁၂၇၃-ခု ကျောက်စာအရ ကျောင်းဆောက်ခြင်း၊ သိမ်သမုတ်ခြင်းတို့မှာ ဘုရားတည်၍ ပြီးမှ ပြုလုပ်သည့်အတွက် အနှစ်မှာ သက္ကရာဇ် ၁၂၇၀ပြည့်နှစ်မှာ ဖြစ်တန်ရာ၏။

ဤကား သမိုင်းစာအုပ် ဖြစ်မြောက်ရန်အတွက် မှတ်စု မှတ်တန်းဖြင့်ရင်း၊ စုံစမ်းရှာဖွေ၍ရင်း မှတ်သားရေးပေးတော်

မူသော မ်ိုးနှားကြီးကျောင်း ပဉ္ဇမမြောက် (စာရေးသူ၏) ဆရာတော်ဘုရား၏ အနုမာနအားဖြင့် ဒုတိယဘုရားတည်ခြင်း၏ သက္ကရာဇ်ပေးတည်း။

ဒုတိယအကြိမ် ဘုရားတည်ပြီးနောက် မကြာမြင့်မီပင် အချိန်ကာလအတွင်းမှာပင် ရသေ့သူမြတ် (တာပသ)လည်း ဘဝနတ်ထံပြောင်းရွှေ့စံမြန်းသည်ဟု ယူဆရပါ၏။

ဘုရားစတည်တော်မူခဲ့သော ဆရာတော် ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၀-ပြည့်နှစ် ၁၂၈၁-ခုနှစ်မျှားဌ ယခုရှိ စေတီတော်မြတ်ကြီးကို တတိယအကြိမ် အသစ်ထပ်မံတိုးခဲ့ခုံတည်လိုပြန်သဖြင့် ယခုဖူးတွေ့ရသော ဘိုးနပ်တော် ၂၄တောင်ရှိ အတိုင်းအထွာကို ဆရာတော်ဘုရားကြီးကိုယ်တိုင် စီမံ တိုင်းထွာ၍ ဘိုးနပ်တော်ကို အနည်းငယ်မျှ ပြုလုပ်ဆောင်ရွက်နေစဉ် အတွင်းမှာပင် သက္ကရာဇ် ၁၂၀၂ ခုနှစ် ပြာသိုလတွင် ဘဝနတ်နန်းသို့ စံမြန်းတော်မူလေ၏၊ သက္ကရာဇ် ၁၂၀၃-ခုနှင့် ဘဝို့ တွဲသမှာပင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်မြတ်ကို သာဓုကိုင်ဆုအဘင် ဆင်ယင်ကျင်းပ၍အနှီမဈာပနဖြင့် ပူဇော်ပွဲပြုလိုက်ရပါသတည်း။

တခန်းတခန်း၊ ရှေ့သို့လှမ်း၍၊ မျှော်မှန်းဆကာ၊ နှစ်လကြာသော်၊ ဆရာတပသ၊ ဘဝတပါး ကြွသွား ပြီးနောက်၊ ရောက်သည့်ကောဇာ၊ ထောင့်နှစ်ရာ ရှစ်ဆယ်၊ စွန်းဘယ်နှစ်ခု၊ (၁၂၇၂)ခု တုဟောမ

ပြာသိုလတွင် ဂုဏ အသျှင် ထေရ်သခင်မှာ လှူ့ခွင့်ခွာနှင့် ငြိုးငွေ့လျှ၍၊ ပြောင်းကြွနတ်ထံ၊ ပျော်ပါ်းစံသည်၊ အနိစ္စ ခယ ယွင်းမစ့၊

ထိုသို့ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွှန်တော်မူပြီးနောက် တောင်ကတုံ့ စေတီတော်မြတ်ကြီးအား အသစ်ထပ်မံ ဦးတည်ရန်ကိစ္စသည်လည်း ရုတ်တရက် အထမမြောက်ရှိရပြန်လေသည်။ ထိုကာလအတွင်း စေတီတော်မြတ်ကြီး၏ တန်ခိုးတော် ညှိုးလျော်သောအခါအခွင့်ကြောင့် မသင့်သော ဓါတ်သဘာဝကြုံကြုံက်လာ၍ နတ်နှင့်တကွသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ကြည်ဖြူသဒ္ဓါ စေတနာပလဝပြင့် ဆည်းကပ်ပူဇော် ဖူးမျှော်၍မဝ ရှိကြဆဲမှာပင် စေတီတော်မြတ်ကို မိုးကြိုးခ၍ တချို့တဝက် ပျက်စီးခြင်းသို့ ရောက်ရှိလေ၏။

မံနားကြီးကျောင်းဌာလည်း ဒုတိယ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွှန်တော်မူပြီးသည့်နောက် ဆရာတော် ဘုရားကြီး၏ တပည့်ကြီးဖြစ်တော်မူသော (အရှင်ဝိဇယ) ဘွဲ့အမည်ရှိ ဆရာတော်က တတိယဆရာတော်အဖြစ် ဆက်လက်သီတင်းသုံးနေတော်မူလျက် ဒါယကာ ဒါယိကာမ အပေါင်းတို့အား လောကီ လောကုတ် မယုတ်တိုးပွားအကျိုးများစေခြင်းငှါ သိမ်တော်ကြီးဘုရားနှင့် တောင်ကတုံ့စေတီတော်မြတ်ကြီးကိုပင် ဆရာသခင် ကျေးဇူးရှင်၏ သွန်သင်နှယ် အဝဝတို့ဖြင့် မပျက်အစဉ် ပြုပြင်လျက် နေလေ၏၊

တောင်ကတုံး စေတီတော်မြတ်ကြီး ကို ကိုးရှိုးပြုပြင်ပုံ။

သက္ကရာဇ်၁ ၂၇၇-ခုနှစ်တွင် ရှေကျူမြို့နယ် (ဦးလေးကြီး) အမည်ရှိသော မြို့အုပ်မင်းသည် တောအုပ်ကြီး (ဦးစံ) နှင့်အတူ မိမိတို့ စောင့်ရှောက် ထိမ်းသိမ်းရသော ကျေးလက်ဒေသ ရပ်ရွာများကို လှည့်လည်ခဲ့လေရာ တောင်ကတုံးနှင့်မနီးမဝေး တောရွာတရွာ၌ စခန်းချ၍နားနေကြရာ ညအခါသို့ ရောက်သောအခါ၊ တောင်ပေါ်စေတီတော်မှ တန်ခိုးပြာဋိဟာပြ၍ ဓါတ်တော်ကွန့်မြူးသည်ကို ဖူးမျှော်ရလေသည်။

နံနက်သို့ရောက်သောအခါ မိမိ၏ အပေါင်းအဖော်များကို ပြောကြား၍ တောင်ပေါ်သို့ တက်ကြည့်ကြရာ ထီးတော်ကို မိုးကြိုးခ၍ ပျက်စီးနေသော စေတီတော်ကို ဖူးဘွယ်ရလေ၏။ ထိုအခါစေတီတော်ကြီးကို ပြန်လည်၍ ပြုပြင် ဆောင်ရွက်လိုသော သဒ္ဓါပသန္နစိတ်များ ဖြစ်ပေါ်လာကြလေ၏။

> မှတ်ချက်-တောရွာတရွာ ဆိုရာ၌ ခေါလဲ၊ လမ်းကူး၊ ကိုင်းရွာ၊ တော်လှန် ၎င်းလေးရွာ အဘယ်ရွာ ဟူ၍ အတအကျ မသိရပေ။

သို့နှင့် မြို့ပိုင် (ဦးလေးကြီး) နှင့် တောအုပ် (ဦးစံ) တို့သည် စေတီတော်ကြီး ၏ တည်ထား သော အကျိုးအကြောင်းကို ရပ်ရွာ သူကြီးလူကြီး များအား မေးမြန်း၍

အကြောင်းစုံသိရသမျှ မ'နှားကြီးကျောင်း တတိယဆရာတော် (ဦးဝိဇယ) ထံ သွားရောက် လျှောက်ထား၊ လေ၏။ ထိုသို့ လျှောက်ထား ပန်ကြားပြီးလျှင် ဘုရားပြုပြင်ရန် အတွက် ခရိုင်ဘွဲ့ရှိ ဒါယကာ ဒါယိကာမ အပေါင်း တို့အား နှိုးဆော်တိုက်တွန်း၊ လေ၏။ ထိုအခါ တောင်အောက်က အုဋ္ဌမျှားကို တောင်ပေါ်သို့ လွယ်ကူစွာတင်နိုင်ရန် အတွက်လည်း မြို့ပိုင်မင်းနှင့် တောအုပ်ကြီးတို့သည် မိမိတို့၏ အာဏာနှင့်စပ်ရာဖြစ်သော ကျေးတောကြီး ခရိုင်၊ ချောင်းခရိုင်ရှိ လူအမျှားကို ခေါ်ယူ တိုင်ပင် ပြောဟောပြီးလျှင် တောင်အောက်က အုဋ္ဌမျှားကို တောင်ပေါ်သို့ လှည်းဖြင့် တင်နိုင်ရန် တောင်ကို လက်ျှာရစ်လည်၍ လမ်းမျှားကိုလည်း မိမိတို့ ကိုယ်တိုင် ကြတ်မတ် စောင့်ရှောက် ကူတက်ကြလျက် ယာယီ တဲစခန်း ဆောက်လုပ်ကြပြီးလျှင် မိသားစုအစုံအလင်နှင့်နေထိုင်လျက် လူအမျှားအား ဖေါက်လုပ်စေ၏။

တောင်အောက် ရေတံခွန်မှ တက်သွားသော် ကျောင်းကုံးသို့ ရောက်၏။ ကျောင်းကုံးမှအနည်းငယ်တက်သွားသော် လှည်းသွားနိုင်ရန် ဖေါက်လုပ်ထားသော တောင်ပတ်လမ်းသို့ ရောက်၏။ ထိုလမ်းနှစ်ခုဆုံမိရာ၌ မြို့ပိုင်မင်းတို့ နေထိုင်ကဲ့သော တဲစခန်းနေရာရှိ၏။ ထို့ကြောင့် ထိုနေရာအရပ်ကို(မြို့အုပ်ကုံး) ဟု ယခုတိုင် ခေါ်တွင်လျက်ရှိလေသည်။

ထိုသို့ မြို့ပိုင်မင်း ကိုယ်တိုင် စောင့်ရှောက် ကြပ်မတ်ပေးသည်ကို ကျေးတောကြီးခရိုင်၊ ချောင်းခရိုင်ရှိ အားလုံးသော

လူအပေါင်းတို့သည် ၁နှစ်ခေတာင်းအားရ ဝမ်းမြောက် ဝမ်းသာ ရှိကြလေ၏။ မိမိတို့ တာဝန်ကြသော လမ်းဖေါက်လုပ်ခြင်း ကိစ္စကိုလည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် မကတ်မခို ဝိရိယဗိုလ် လက်စဲ့လျက် ပြီးမြောက် အောင်မြင်ပဲ့ကို ရလေ၏။ ဤကဲ့သို့ ဆောင်ရွက် ပြီးစီးသော အခါ ဆရာတော်နှင့် တကွ မြို့ပိုင်မင်း တောအုပ်ကြီးတို့သည် ခရိုင်းတွင်းရှိ ရွာသူ ရွာသား တို့အား တောင်အောက်က အုဋ္ဌ ကို တောင် ထိပ် ပေါ် သို့ လှည်းများဖြင့် တင်ဆောင် ပို့ဆော ပြန်သည်။ ဤနည်းဖြင့် မကြာမီ အုဋ္ဌမျှားစွာ တောင်ထိပ်ပေါ်သို့ ရောက်လေ၏။ ထိုစဉ်အခါက ဖေါက်လုပ် ထားသော လမ်းသည် ယခုတိုင် ထင်ရှားလျက် ရှိပါသေး၏။

တောင်ပေါ်၌ အုဋ္ဌ သဲ၊ ထုံးတို့ ပြည့်စုံပြီးသည်ရှိသော် မဲနှားကြီးကျောင်း (တတိယမြောက်)ဆရာတော် အမှူးပြုသော မြို့ပိုင်မင်း၊ တောအုပ်ကြီး၊ ခရိုင်လူကြီး သူကြီးများ တို့သည် ပန်းရံအလုပ်သမားများကိုခေါ်ဆောင်၍ (ပြန်လွှန်တော်မူပြီး ဒုတိယ မြောက် မဲနှားကျောင်း ဆရာတော် ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်အခါ၌) တတိယအကြိမ်မေတ္တိတော်၏ ဘိနပ်တော် (၂၄)တောင် တိုးချဲ့၍ အသစ်ဝိုတည် ထားကဲ့သည့် အတိုင်း အထက်သို့ ဥာဏ်တော် အမြင့် (၁၂)တောင် အထိ စေတီရုံ (၄)ဆူ၊ ပန်းအိုး (၈)လုံး၊ နတ်မုခါ၊ နတ်လှေခါး (၄)ခုစီနှင့် တကွ ပြည့်စုံကောင်းမွန်တင့်တယ်စွာ ပြီးမြောက်အောင်မြင်စွာ တည်ထား ပြုပြင်လေသည်။ ထိုးတော်ကား မတင်ရသေးချေ။

မှတ်ချက်။ ယခုအချိန်ထိဖူးတွေ့နေကြရသော စေတီတော်မြတ်ကြီးပင်တည်း၊ တောင်ပေါ်သို့ အုဋ္ဌမျှားတင်ရန် ပေါက်လုပ်သော ကောဇာသက္ကရာဇ်သည် ၁၂၇၈-ခုနှစ် ဖြင့်၍ တတိယ ●ကြိမ်မြောက် စေတီဟောင်းကိုဝှေ့၍ အသစ်ထပ်မံ ပြုပြင်သော ကောဇာသက္ကရာဇ်မှာ ၁၂၇၉-ခုနှစ် ဖြစ်ပါသည်။

ထီးတော်တင်လှူရန် စီမံ၍ ထီးတော်ကိုလည်း မန္တလေးမိုဠ် ပြုလုပ်ခိုင်းဆဲမှာပင် သက္ကရာဇ် ၁၂၉၇-ခုနှစ် တပေါင်းလတွင် တတိယမြောက် မံနားကြီးကျောင်း ဆရာတော် (ဦးဝိဇယ)သည် သက်တော် (၄၆)နှစ် သီကျွာတော်(၂၆)ဝါ အရ ဘဝနုတ်ထံ ပြန်လွှန်တော်မူလေ၏။

ထိုသို့ တတိယဆရာတော် ပြန်လွှန်တော် မူပြီးကာလ၌နောက် မံနားကြီးကျောင်း၌ (ဦးပညာသာမိ) ဘွဲ့အမည် ရှိတော်မူသော တပည့်ကြီးက စတုတ္ထမြောက် ဆရာတော်အဖြစ် ဆက်လက်၍ သီတင်းသုံးနေတော်မူ၏။ ထိုသို့ သီတင်းသုံး၍ ကောဇာသက္ကရာဇ် ၁၂၉၈-ခု တပို့တွဲလသို့ ရောက်သော အခါ၌ ပွဲသဘင်ကျင်းပ၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့နှင့် အုပ်အောက်သောင်းသောင်း ချိမ့်ချိမ့်ညောင်းလျက် ညိမ့်ညောင်းသာယာ ဒုရိယာအစုံတို့ဖြင့် စေတီတော်ကြီးအား ထီးတော်ကို တင်လှူပူဇော်ခြင်းလေသတည်း။

သက္ကရာဇ် ၁၂၉၅-ခုနှစ်ကစ၍ သီလ သမာဓိ ပညာနှင့် ပြည့်စုံတော်မူသော ရှေဘုံသာကျောင်း ဆရာတော် ဘုရားကြီးဘည် တတိယမြောက် မဲနှားကြီးကျောင်း (ဦးဝိဇယ) ဆရာဟောနှင့်အတူ ဘောင်ကတုံး တောင်ပေါ်ကျောင်းခွဲ လေးဘော်ယာပထ မျှတရှင်ပြုံး သီဘင်းသုံး နေထိုင်တော်မူကြ၍ ဘာဝနာ ကမ္မဋ္ဌာန်း စီးပြန်းဘော် မူကြဘူး၏။ ထိုရှေဘုံသာ ဆရာတော်သည်၊ ဆရာ့တော် ဦးဝိဇယ ပြန်လွှန်တော် မူပြီးသည့်နောက်တွင်လည်း တောင်ကတုံးဘေတီတော်မြတ်ကြီးကို အမှီပြု၍ ပါဂတပ် သီဘင်းသုံးနေတော်မူမြဲဖြစ်၏။ ထိုသို့သီဘင်းသုံးလျက်ရှိသော ရှေဘုံသာ ဆရာတော်ဘုရားသည်လည်း စတုတ္ထမြောက်ဖြစ်သော မဲနှားကြီးကျောင်း ဦးပညာသာမိ ဆရာတော်နှင့် ကိုစ္စကြီးပေါ် အသွယ်သွယ်တို့ကို ဘိုင်ပင်နှိုးနှော်၍ ထီးတော်ဘင်လှူ ပူဇော်ခြင်း စသော ဗုဒ္ဓဝေယျာဝစ္စ အဝဝတို့ခွဲလည်း ပါ၀င်ဆောင်ရွက်စဉ် ကာလအတွင်းမှာပင်လျှင် စေတီတော်ကြီး၏ အရှေ့မျက်နှာခွဲ အာရုံခံတဆောင်း ဆောက်လုပ်၍ ဗုဒ္ဓရုပ်ပွားတော် တဆူကိုသည်း တည်ထားကိုးကွယ်ကြရန် သဒ္ဓာတူ ဆွေးနွေးဘိုင်ပင်ကြပြီး ဖြစ်လေသည်။

ယင်းသို့ အစီအအစဉ် ရှိကဲ့ကြသည့်အဘိုင်း ဗုဒ္ဓရုပ်ပွါးတော်မြတ်ကြီး တည်ထားကိုးကွယ်ကြရန်အတွက် ကြေး၊ ရွှေ၊ ငွေ စသည်တို့ကို ကောဇာသက္ကရာဇ် (၁၂၉၇-ခု ၁၂၉၉-ခု ၁၈၃၀ ; ပြည့်နှစ်တို့တွင် အရပ်ဒေသဟူသမျှခွဲ အလှူခံ ရှာဖွေစုဆောင်းကြလေသည်။

ပြဆိုခဲ့သော ကြေး၊ ငွေ၊ ရွှေ စသော ပဋ္ဌာန်းဝတ္ထုများ ပြည်စုံလေသော်ထိုပစ္စည်းများကဲ့ မန္တလေးသို့ပို့ဆောင်ပြီးလျှင် ဥာဏ်တော် (၄)တောင် (၂)မိုက် ရှိသော မဟာမြတ်မုနိ ပုံနှင့်တူစွာ ဗုဒ္ဓရုပ်ပွားတော်ကြီးတဆူကို ခိုင်းဇော်ရှိ ရုပ်ပွါး တော်ကြီး ပြီးစီးသောအခါ မန္တလေးမြို့မှရွှေကျွန်းမြို့သို့ပင့်ဆောင်ကြပြီး ရွှေကျွန်းမြို့မှ တောင်ကတုံးအနီး ခေါ်လဲရွာသို့ ရောက်သူ ခရိုင်သား ဒါယကာဒါယိကာမ အကြီးအငယ် အနွယ်အလတ် အပေါင်းတို့နှင့် စည်ကားသိုက်မြိုက်စွာပင့်ဆောင်ကြလေသည်။

ကောဇာသက္ကရာဇ် (၁၃၀၁)ခုတနှစ်ပေါင်းလပြည့်ကျော် (၄)ရက်နေ့တွင် တောင်ကတုံးခြေရင်းရှိ ပဲခင်းဦး ဗုဒ္ဓပူဇော်ပဲ ကျင်းပလျှက် ၎င်းနေ့ဦးပင် ရုပ်ပွားတော်မြတ်ကို ခေါ်လဲရွာမှ ပဲခင်းသို့ တဖန် ပင့်ဆောင်ကြပြီး (၅)ရက်နေ့ နံနက် အာရုဏ်တက်သော အခါတွင် ထိုပဲခင်းဦးပင် အနေကဘာ တင်ခြင်း ဆွမ်းတော်ကြီးကပ်လှူခြင်းတို့ကိုပြုလုပ်ဆောင်ရွက်ကြလေသည်။

နံနက် (၈)နာရီ အချိန်တွင် ရထားယာဉ် ပေါ်သို့ ပင့်ဆောင်ကြပြီးလျှင် ပဲခင်းမှသည် ကောင်ပတ်လမ်း၊ တောင်ပတ်လမ်းမှသည် တောင်ပေါ်သို့ အနည် အတိုင်းသော ခရီးဖြင့် တူရိယာ မျိုးစုံတို့ ကစားမှုကိန်းဆောင်လင်္ဂါ ချိုင့်ခြင်ကမ် သာယာစွာ တီးမှုတ်ကခုံကြလျှက် နွယ်သက်ရှင်လန်း ဝမ်းမြောက် ဝမ်းသာ မရေမတွက်နိုင်သော လူထုပရိသတ်တို့နှင့် ပင့်ဆောင် ကြလေ သတည်း၊

ယင်းသို့ ပင့်ဆောင်ကြစဉ်တွင် လူရှင်ရဟန်းမပင်ငုံးတဲ ညီးနွမ်းရှိ ပဂတ် ကျွန်းမာ ရှင်လန်း ချမ်းမြေ့ သာယာဝ

ဖြင့် ပုဝါတဘက်၊ ကြိုးမျှားဆက်၍၊ လက်နှင့်ဆွဲယူ၊ တွန်းသူက တွန်း၊ မစွန်းမငြိ၊ ရန်မရှိကြ၊ အားမရနိုင်၊ မြိုင်ဖြိုင်ဝေဝေ၊ တောင်ခြေခါးပန်း၊ တောင်တက် လမ်းဝယ်၊ တင့်ဘယ်သာ မော၊ အုံ့သြမကုန်၊ သခ္ခါဟုတ်ကြောင့်၊ နတ်ဘုံခြောက်ရှာ၊ ထက်ပြဟွာသို့၊ မြန်စွာမချို့၊ ပင့်ဆောင်ပို့သည့်အလား ဗုဒ္ဓ ကိုယ်စားဘော်မြတ် ဖြစ်တော်မူသော ရုပ်ပွားဘော်မြတ်သည် ပိုးဝမြေကြီး ပဲ့တင်ဟီးမျှ ဆော်ဘီးမျိုးစုံတို့ဖြင့် အောင်ဘီယိုက် ခြုံလျက် တောင်ထိပ်သို့ ရောက်းတော်မူသတည်း၊

ဤသို့ အစဉ်အားဖြင့် ဗုဒ္ဓရုပ်ပွားရှော်ကြီး တောင်ထိပ် ပေါ်သို့ ပင့်ဆောင်ကြပြီး သင့်တင့်လျောက်ပတ်စွာ အာရုံခံ ပုံခိုအဘွင်းဌ် မှီတင်းစံခေါ်ပျော်၍ လူနတ်ပြဟ္မာ သဘ္ဘဝါတို့အား သနားဂရုဏာ မေတ္တာရှေးရှု၊ အာရုံပြုလျက်၊ ယခုထက်တိုင်၊ ဘုန်းလှိုင်ပွင့်လင်း၊ သီတင်းသုံးတော်မူလျက် ရှိခဲတော်မူ၏။

ပုတ်ချက် = စတုတ္ထဆရာခေတာ် ဦးပညာ သာမိ သည် သက္ကရာဇ် (၁၃၀၀)ခု ကဆုန်လ၌ လူဝတ်လဲပြီး ယခု ထက်တိုင် မဲ့နှားရွာ၌ နေလျက်ရှိ၏။

သက္ကရာဇ် ၁၃၀၉-ခု နှစ်သို့ ရောက်သော အခါ၌ကား မဲ့နှားကြီး ကျောင်း၌ သီယာနှ သီသ ဖြစ်ဘော်မှုးသာ (ဦးကောဝိဒ)အမည်ရှိပဉ္စမမြောက်ဆရာခေတာ် သီတင်းသုံးတော်မူ၏။ ထိုစဉ်ကာလဝယ် ပန်းဘင် အမည်ရှိခဲသော ရွာကျောင်း၌ လည်း ဦးနန္ဒိယဘဲ့သည်သာ ရှိခဲတော်မူကာ ဆရာခေတာ် သီတင်း သုံးတော်မူ၏။

ထိုပုဂ္ဂိုလ် နှစ်ပါး တို့တွင် ပန်းတင်ရှာကျောင်း ဆရာတော် ဦးနန္ဒိယသည် မဲ့နားကြီးကျောင်းဆရာတော် ဦးကောဝိဒထက် အသက် သိက္ခာ ဝါအားဖြင့် ကြီးတော် မူသဖြင့် ၎င်းဦးနန္ဒိယ ဆရာတော်ကိုပင် ပထမ ဂ ဏာ စ ရိယ၊ နှုဂ ဏာ ပါ မောက္ခ တင်မြောက်ပြီးလျှင် မဲ့နားကြီးကျောင်း ဆရာတော်ကို ဒုတိယ ဂဏာ စရိယ၊ ဂဏာပါမောက္ခ အဖြစ် တင်မြောက်တော် မူကြ လေ၏။

ထို ဆရာတော် နှစ်ပါး၏ လက်ထက်တော် အခါတွင် ရှေးဆရာတော် အဆက်ဆက်က ဆောင်ရွက် ပြုလုပ်ကိုးကွယ် ကြစဉ် အခါအခွင့်မသင့်သေး၍ မပြီးသေးဘဲ ကျန်ရစ်နေသော တောင်ကတုံးစေတီတော်ကြီးနှင့် ရုပ်ပွားတော် ပလ္လင်တော် အခင်းမရှိသော အောရုံခံတန်ဆောင်းများကို ပန်းတင်ဆရာတော် မဲ့နားဆရာတော် အမှူးပြုသော အထက် (ချောင်း)ခရိုင် အတွင်းရှိ သံဃာတော်အရှင်မြတ်များက ဝါယကာဒါယိကာမ ဘိုအား တရားဝမ္မ ဟောညွှန်ပြ၍ ပြီးစီးအောင်မြင်စေရန် ဆောင်ရွက်တော်မူကြလေသည်။

ထိုသက္ကရာဇ် ၁၃၀၉-ခုနှစ်တွင်ပင် တောင်ပေါ်ရှိ စေတီ တော်နှင့် ရုပ်ပွားတော်မြတ်ကြီးတို့ကို ဆွမ်းတော်ကြီးကပ်လှူခြင်း ရှေ့သက်နှီးပူဇော်ခြင်း အစရှိသော ဗုဒ္ဓကိုးခွဲ ဟူသမျှတို့ကို ပြုလုပ်ကြလေသည်။

ဤကား ယခုထက်တိုင် သက်တော်ထင်ရှား ရှိတော်မူကြ သော နာယကဆရာတော်များ၏ ဆောင်ရွက်မှုအစပေတည်း။

ဂင်းနှစ်ဦးပင် ဝသန္တ မိုးညတုသို့ ကျွေးရောက်သောအခါ ဒုတိယအကြိမ် စေတီတော်မြတ်ကြီးကို မိုးကြီးခသဖြင့် စိန်ဖူးတော် မြေကျပြန်လေသည်။ အရှေ့ဘက် ထီးတော် အောက်မှစ၍ တတိယ ပဋ္ဌယာသို့ ရောက်အောင်လည်း စေတီတော်မြတ်ကြီး ပဲ့ရဲ့ပျက်စီးခြင်းသို့ ရောက်လေ၏။ စေတီတော်မြတ်မှလည်း ကြွေတော် ကွန်မြူးခြင်းသည် ဖြစ်တော်မူ၏။ ဤသို့ ဓါတ်တော် ကွန်မြူးသည်ကိုလည်း ရဟန်းရှင်လူဟူဟူသမျှ ဝေနေယျတို့တည် မကြာခဏ ဖူးတွေ့ကြရလေ၏။ ဤသို့ကွန်မြူးသည်မှာလည်း နိယာမ အစဉ်သဘော ဖြစ်၍ ယခုတိုင်ပင် ဖူးမြင်ကြရပါသည်။ စေတီတော်မြတ်၏ ဥဒ္ဒိဝ်လာသော အစိန်ယောက်ကား ကြည်လှုပ်ရွယ် ကောင်းလေစ္ဆ တကား။

စေတီတော်ကို မိုးကြိုးခ၍ ပျက်စီးခဲ့လေသော် နာဂဟက ဆရာတော်ဘုရားသည် ကျေးဇူးကြီး အထက်ခရိုင်ချောင်းခရိုင် ဖြစ်သော စင်းဖုတ်၊ တာလီ၊ ခေါလဲ၊ လမ်းကူး၊ သရက်ချို၊ ကိုင်းရွာ၊ တော်လှန်၊ ခြိုင်သာ၊ ပန်းတင်၊ တုံးကောက်၊ မာနားကြီးရွာစသော ကျေးငှက်ကိုင်ဆရာတော်များနှင့်တကွ ရပ်ရွာဒါယကာ ဒါယိကာမအပေါင်းတို့အား ပျက်စီးနေသော စေတီတော်မြတ်ကို ပြုပြင်ကြရန် တိုင်ပင်ကြလေသည်။

ဤကဲ့သို့ တိုင်ပင်ညှိနှိုင်းကြပြီးသော် ရှေးဆရာတော်များနှင့် ဒါယကာများတို့သည် တောင်ကတုံးဘုရားခွ အသုံးပြုကြရန် စင်းဖုတ်ရွာတွင် ပြုလုပ်ဘားသော အုတ်များကို

တောင်ကတိုးဘုရားသို့ ခရီးသွားတို့အား ပို့ဆောင်ကြစေရန် ထုံး၊ သဲ၊ သိသမ်ဂမြဲတို့ကိုထည့်၊ တောင်ပေါ်သို့ တင်ဆောင်စေပြီးလျှင် အလုံးစုံ ပြည့်စုံလေသော ပန်းရန်အလုပ်သမားများ၌ ပြီး သက္ကရာဇ် ၁၃၁၀-ခု နယုန်လပြည့်ကျော် ၁-ရက်၊ တနင်္ဂနွေနေ့တွင် နာယကပန်းတင်ဆရာတော် မံနားကြီး ဆရာတော်တို့နှင့် ဦးဘခင်စု (ယခု ဗော်ကျွန်ဆရာတော်)တို့သည် ယခုသမိုင်းကာရေးသော သူ စားသောတပည့်များစွာနှင့်တကွ ပန်းရံသမားတို့ပါ တောင်ပေါ်သို့တက်ကြ၍ စေတီတော်မြတ်ကြီး ပျက်စီး နေသည်ကို ပြုပြင်ခြင်း၊ ရုပ်ပွားတော်ကြီး ကိန်းဝပ်တော် မူသော ဂန္ဓာဝုဒ္ဓ တိုက်တော်ကို ပြုလုပ်ခြင်း၊ အာရုံခံအတွင်း သမ်တလင်းခင်းခြင်း ဤသို့သော ကိစ္စရပ်များကို ခရိုင်သံယာ၊ ဒါယကာ၊ ဒါယိကာမ တို့၏ ဆက်ဆက်ညီဖြင့် ကိစ္စပြီးစီးအောင်မြင်ကြပြီး ၎င်းနှစ် ဒုတိယ ဝါဆိုလဆန်း (၁၃)ရက် တနင်္ဂနွေ နေ့တွင် အနှစ်ရာယ်မရှိ ဘေးမထိဘဲ ကာဘိကျန်းမာရှင်လန်းစွာနှင့်မိမိတို့အခြေနေထိုင်ရာ ရပ်ရွာဒေသ ဝိဟာရသို့ ပြန်ဆောက်ကြလေသတည်း။

(၎င်းနှစ်၌ ဝါငယ်ထပ်သည်)

သက္ကရာဇ် ၁၃၁၀-ခု နှောင်းတန်ကူးလဆန်း (၇)ရက် နေ့တွင် တောင်ခြေရင်း ပွဲခင်း၌ ဘုရားစေတီတော်မြတ်ပူဇော်ပွဲကို ပြုလုပ်ကျင်းပကြလေသည်။

ထိုပွဲတော် အတွင်းမှာပင် စိန်ပူးတော်အဆစ် လှုဒါန်းခြင်း၊ ထီးတော်ကိုလည်း ရွှေအသစ်သပ်မံချခြင်း အစရှိသော ပုဗ္ဗပူဇော်ပွဲတော် ကျင်းပပြုလုပ်ခြင်းတို့ကား နာယက ပန်းတင်ဆရာကော်၊ မံနားဆရာတော်တို့၏ ရှေးဦးဘစပသမပေတည်း။

ထိုမှ နောက်ဖြစ်သော သက္ကရာဇ် ၁၃၁၁-ခုနှစ်၌လည်း တပေါင်းလပြည့်ကျော် ၂-ရက်နေ့မှ ၅-ရက်နေ့ အထိ စေတီတော် မြတ်ကို ပူဇော်ခြင်းဟူသော ပွဲတော်ပြုလုပ်ပြန်လေသည်။ တပေါင်းလပြည့်ကျော် ၃-ရက်နံနက်တွင်လည်း ဆွမ်းတော်ကြီး တပ်လှူခြင်း၊ နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူ အများ၏ နည်းများမဟာ ပေးလှူကြသော အလှူဝတ္ထု တို့ဖြင့် ကောင်းမွန်တင့်တယ် လွန်းဆန်းကြယ်သော မကိုင်ဋေတော် စလွယ် စုလျှားဗုဒ္ဓတန်းဆာတော်ကို ပူဇော်၍ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လျှုဒါန်းခြင်းအမှုကို ပြုလုပ်ကြလေသည်။

သက္ကရာဇ် ၁၃၁၂-ခု တပေါင်းလပြည့်ကျော် ၄-ရက်မှစ၍ ၇-ရက်နေ့အထိ စေတီတော်မြတ်ပူဇော်သော ပွဲတော် ကျင်းပပြီးလျှင် ပွဲတော်အတွင်း၌လည်း ရုပ်ပွားတော်မြတ် သီတင်းသုံးတော်မူရာ ပလ္လင်တော်ကို မှန်စီရှေ့ချခြင်းအမှု ပြုလုပ်လျှုဒါန်းပြန်လေသည်။

သက္ကရာဇ် (၁၃၁၃၊ ၁၃၁၄၊ ၁၃၁၅) ခုနှစ်များတွင် ပြည်တွင်းသူပုန်ရန်များကြောင့် ဗုဒ္ဓပူဇော်ပွဲ မပြုလုပ်ရပေ။

ထိုသို့ ၃-နှစ်အဆက်ပြတ်၍ သက္ကရာဇ် ၁၃၁၆-ခုနှစ်တွင် စေတီတော်မြတ်ပူဇော်ပွဲကို ဆက်လက်ကျင်းပရပြန်လေသည်။ ၁၃၁၇-ခုနှစ်၌လည်း ပွဲတော်ကို ကျင်းပပူဇော်ရမြဲဖြစ်သည်။

သက္ကရာဇ် ၁၃၁၈-ခုနှစ်တွင် ပဲခူးတော်နှင့်တကွ ဗုဒ္ဓ ရုပ်ပွားတော်မြတ်၏ ဂန္ဓကုဋီတိုက်တော် မုခ်ဝ၊ သံတံခါးကြီးကိုပါ လှူဒါနီးရှိ (၁၃၁၉ = ၁၃၂၀) ခုနှစ် မျှားတွင်လည်း ပဲခူးတော်ကို ဆက်လက်ကျင်းပရမြဲ ဖြစ်လေသည်။

သက္ကရာဇ် ၁၃၂၁-ခုနှစ်တွင်မူ ပဲခူးတော်နှင့်တကွ အာရုံခံ အသစ်တဆောင် ဆောက်လုပ်လှူဒါန်းသည်။

သက္ကရာဇ် ၁၃၂၂-ခုနှစ်၌ ပဲခူးတော်အတွင်း အလှူခံငွေ သေတ္တာပြုလုပ်၍ ထိုနှစ်မှစပြီး တပေါင်းလပြည့်ကျော် ၅-ရက်နေ့ကို နှစ်စဉ် ပဲခူးတော်ရက်အဖြစ် နာယက ဆရာတော်များက အတည်ပြု သတ်မှတ်ကြလေသည်။

သက္ကရာဇ် ၁၃၂၃-ခုနှစ်တွင် အာရုံခံ အသစ် တဆောင် ဆောက်လုပ်၍ သမ်တလင်း ခင်းခြင်း၊ အာရုံခံ အဟောင်းနှင့် ပျက်စီးနေသော သမ်တလင်းကို ပြုပြင်ခြင်း တို့ကို ပြုလုပ်လေသည်။

သက္ကရာဇ် ၁၃၂၄-ခုနှစ်တွင် စေတီတော်မြတ်ကြီးကို ရှေသက်နီးတော် ဆိုင်းရေ (၁၀၀) ဆက်ကပ် လှူဒါန်းသည်။ အထက်ယီးတော်အောက်မှ ဖေါင်းရစ်ပြည့်အောင် ရှေသက်နီး ရောက်သည်။

ဂင်းနှစ် မတိုင်မီ လွန်ကဲ့သော ရှေးနှစ်များတွင် စေတီတော်မြတ်ကြီးကို မကြာမကြာ မီးကြီး ခဲ့တတ်သည်။ ထို့ကြောင့် သက္ကရာဇ် ၁၃၁၀-ခုပြည့် နှင်က အသစ် ထပ်မံ

တင်လှထားသော စိန်ဖူးတော်မှာ တတိယ အကြိမ် မိုးကြိုးဒဏ်ကြောင့် မြေသို့ရောက်ရပြန်တော့သည်။ ဤအကြိမ်၌ စေတီတော်မှာမျှားစွာ မပျက်စီးတော့ပေ။ စိန်ဖူးတော်ကိုလည်း ယခုတိုင်အသစ်ထပ်မံ မတင်သေးပေ။ စေတီတော်ကိုရှေ့ဆက်နန်း လှူဒါန်းပြီးသည့် အခါမှစ၍ ယနေ့ထက်တိုင် မိုးကြိုးမပြစ်တော့ပေ။

သက္ကရာဇ် ၁၃၂၈-ခုနှစ် ပုံတော်တွင်း၌ စေတီတော်မြတ်ကြီးကို ရွှေဆိုင်းရေ (၁၀၀) တရာ လှူဒါန်းပြန်သည်။

သက္ကရာဇ် ၁၃၂၉-ခုနှစ် တွင်လည်း ပုံတော်ကို ကျင်းပပူဇော်မြဖြစ်၍ ၁၃၃၀-ခုနှစ်၌လည်း ပုံတော်နှင့်တကွ ရွှေဆိုင်းရေ (၆၀) ခြောက်ဆယ် လှူဒါန်းပြန်သည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အစီအစဉ်ဖြင့် (ငွေတောင်)ခေါ်တောင်ကားတို့ ပုံတော်သည် နှစ်စဉ် တပေါင်း လပြည့်ကျော် (၅)ရက်တွင် အတည်အမြဲဖြစ်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော် (၇)ရက်၊ တပေါင်းလပြည့်ကျော် (၃)ရက်နေ့များတွင် အစဉ်မပျက် ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်ခြင်း အစရှိသော ကိုးဘုရားဝတ္ထုကို နာယကဆရာတော်များ ဦးဆောင်သော ကျေးတောကြီး ဆရာတော်ခရိုင်၊ ချောင်းခရိုင် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် စည်းလုံးညီညာ ဝေတနာဖြင့် ဝမ်းပန်း တသာ အစဉ်ထာဝရပြုလုပ်ကြခြင်းမှာ ယခုထက်တိုင် သတင်းလွင်၍ ပျံ့ကြွင်ထုံမွှေးလျက် ရှိပါတော့သတည်း။

နိဂုံး

တြိုရတနံ ဂုဏ်ပေါင်းလျှံသား၊ ဆယ်တန်ဟတ္ထာ ကြာဝုံ လှာဖြင့် သဒ္ဓါစေ့ဖြိုး ဦးထိပ်မိုး၍ ရှိခိုးပြီးခါ သမိုင်းစာကို ဖေ့ရှာစုံစမ်း၊ မေးမြန်းဆွယ်သွယ် သိမ်ဝယ်ကျောက်စာ တဖြာ တကြောင်း၊ ခေါင်းလောင်းကမ္ဘည်း၊ မ ံနားကြီးမည် ဆရာထေရ်၏၊ ရေးသည်မှတ်တမ်း စာဌေပန်းကို မှီငြမ်းပြုခါ ဤကျမ်းစာကို ဂ်မှာရာသီ၊ နွေပိ၍လာ နှစ်ကောဇာကား၊ အောင်စာစမ်းအိုင်၊ ၁၃၃၁-ခု နယုန်တိုင်မှဆုတ်ပက္ခတွင်ဒ္ဓါဒသ (၁၂) မြောက်နေ့ရောက် ဆင်မှတ် ၄-ဟူး၊ စက်မြတ်ခါမှီ၊ နံနက်ဆီမှ၊ နာရီ၂ီးခု၊ စွန်းမှမိနစ်လေးဆယ်ဖြစ်ဝယ်၊ ရေးသွယ် သီကုံး၊ ပုတီးလုံးသွင်၊ စာပလွင်ကို ဇအောင်မြင်ပြီးဆုံး နိဂုံး ခါးပတ် အပြီးသတ်သည် သိမှတ်နောင်လာ အမျှားတည်း။

ယခု ဆောင်ရွက်လျက်ရှိသော

နှာယက ဆရာတော်များ

၁။ ပန်ဘင်ကျောင်းတိုက်ဆရာတော်	ဦးနန္ဒိယ။
၂။ မံနားကျောင်းတိုက်ဆရာတော်	ဦးကောဝိဒ။
၃။ တော်လှန်ကျောင်းတိုက်ဆရာတော်	ဦးအာဒိစ္စ။
၄။ လှမ်းကူးကျောင်းတိုက်ဆရာတော်	ဦးစန္ဒာဘာသ
၅။ ခေါလဲကျောင်းတိုက်ဆရာတော်	ဦးသုဝဏ္ဏ။
၆။ စင်းဖုတ်ကျောင်းတိုက်ဆရာတော်	ဦးသြဘာသ။
၇။ တာလီကျောင်းတိုက်ဆရာတော်	ဦးပဏ္ဍိတ။
၈။ ဝိသာခကျောင်းတိုက်ဆရာတော်	ဦးနန္ဒန။

နောက်ဆက်တွဲ

ဘုရားဖြစ်တော်စဉ် အဆုပ္ပတ်တော်အကျဉ်း ရှစ်လုံးဘွဲ့

၁။ သခ္ခေါ်လေးရပ် တသိန်းကပ်မှာ
ဒီပင်ထံရင်း ဝတ်စင်းရှိသာ
မိန့်ဗျာဒိတ်ကြား ဟောထားလေရာ
အင်္ဂါစေ့ ရသော့ သုမေဓာ။

၂။ သုမေဓာမှ ဝေဿန္တိုင်ခါ
ဘဝဇာတ်မျှား ဖြစ်ပွားခါခါ
နှစ်ကျိပ်လေးပါး ဘုရားထံမှာ
ဒါနမျိုး စိုက်ပျိုးကြဲချလာ။

၃။ ဝေဿန်ဘဝ မြန်းကြွတုသ
သေတကေတု ခေါ်မှုနာမည်
နတ်အများထက် ပွားတက်ရုပ်ရည်
လေးထောင်ဆောင်း နှစ်ပေါင်းစံခဲ့သည်။
၄။ ဗြဟ္မာဒေဝ ညီညြာဖြာ
လောင်းတော်ထံရင်း ချင်းနင်းကပ်လာ
တောင်းပန်အများ သနားညှာတာ
အချိန်ကြ ပွင့်မှ တော်မည်သာ၊

သန္ဓေယူခဏ်း

၅။ နတ်ပြည်နန်းမှ မြန်းကြွလေသော်
ကပ္ပ ပြည်ကြီး ခမည်းသုဒ္ဓါ
မာယာကြာခန်း ညာနန်းတောင်ပျော်
အမိရင်း ဖြည့်တင်းပါရသော်။
၆။ ခြောက်ဆဲ့ခုနှစ်ကြ သက္ကကောဇာ
ဝါဆိုလပြည့် ကြက်နေ့ဒိနာ
အာသဠှိစန်း ယှဉ်မြန်းသောခါ
သန္ဓေကိန်း ငြိမ့်ဘိုစိတ်ကြံရှာ။

ဘွားမြင်တော်မူခဏ်း

၇။ ဆယ်လတိုင်ကြ မာယာမယာ
ဝေဒေဟာသို့ မြန်းဘိုစိတ်သာ
မင်းထံခွင့်ရ သမ်လှလှမ်းမှာ
ပြင်ဆင်မှု ငါးခုယူဇနာ။

၇။ ကပ္ပမိုနန်းမှ မြန်းကြုကာသာ
လှုမ္ဘနီပင်မင်း အင်ကြင်းဝေဆာ
ကိုင်းခက်ယိုင်ခ ကိုင်ဆွဲကာသာ
ဘုရားချိန်ကြ ကမ္ဘလှုပ်ချိလာ။

၈။ ခြောက်ဆဲ့ရှစ်ကြ သက္ကကောဇာ
ကဆုန်လပြည့် ပူးနေ့ဒိနာ
ကြယ်ဝိသာခ စန်းလှယ့ဉ်ခါ
ဘုရားမြင်မြောက် ဘုန်းတောက်တိုမှုခ့ါ။

၁၀။ ဘုရားမြင်မြောက်ပြီး ဂုဏ်ကြီးမဟာ
ဗြဟ္မာလှုနတ် သံဃာရုံကာ
ကိုယ်ပြည်ထံမှောက် ပြန်ရောယ်လာကာ
ပြည်တော်လုံး အုံးအုံးကြုက်ဆူခါ။

မင်းစည်းစိမ်ကို ခံစားတော်မူခဏ်း။

၁၁။ အရှယ်တော်ရောက် ဆဲ့ခြောက်နှစ်မှန်
ဘုံသုံးဆောင်နန်း စံမြန်းနေပြန်
မောင်းမလေး သောင်းခညောင်းဝန်းရံ
ရသော်အား ညာထားအမြဲစံ။

၁၂။ နှစ်ဆဲ့ကိုးနှစ် တွက်စစ်ရောက်လာ
ထောင်ရောင်ခြည်လင်း လမင်းသဏ္ဌာ
ရသော်ရှေနတ် သားမြတ်ဘုရားခါ
ရာဟုလ္ဘ ခေါ်ကြမည်နာမာ။

တောထွက်တော်မှုခေါ်း။

၁၃။ အိုနှာသေခေါ်း ရဟန်းအာသင်
ဥယျာဉ်ရှစား နတ်များဘန်ဆင်
ဝါဆိုလပြည့် ကျားနေ့မှာပင်
သံဝေရ နန်းမှတောသို့ဝင်။

၁၄။ နော်မှာသောင်ကမ်း ရောက်မြန်းလေသော်
ခန္ဓကနှင့် ဆန္ဒညီတော်
ပြန်ချိန်ကြ၍ ခွါကြပါနော်
ခန္ဓက မြန်းကြနတ်ထီးပျော်။

၁၅။ ဆန္ဒမှာလဲ ငိုပွဲဆင်ရှာ
ခါခါဟစ်ကြွေး ပူးဆွေးသောကာ
နေချင်လျက်နှင့် ပြန်ထွက်ခါသာ
ကမ္ဘာ့နန်း မြန်းရတယောက်သာ။

၁၆။ ရဟန်းပြုပြီး လူ့ထီးဘုရင်
ငါးလီဝဂ် ခ ယ ပြုရဉ်
နေညဉ့်မလတ် ကျင့်မြတ်ပန်ဆင်
ခြောက်နှစ်မျှ ခဲစွာကျင့်လျက်ပင်။

ဘုရားဖြစ်တော်မှုခေါ်း။

၁၇။ ကျင့်လျက်နေပြီး ဥာဏ်ကြီးမယင်
သမာဝိရိ မျှညီတူပင်
အလယ်အလတ် ကျင့်မြတ်ကိုဆင်
အိပ်ဓင်ကြီး ထီးထီးမြင်ငါ့အင်။

၁၈။ အိပ်မက်အကြောင်း ပြန်ပြောင်းဥာဏ်ဆင်
ညောင်ပင်ခြေရင်း မှီတင်းနေစဉ်
သုဇာတဟု နာမမည်တွင်
သားဦးဘွား ထင်ရှားတောင်းဆုပင်။

၁၉။ နတ်ကြီးထင်ရှား သင်လျားနေစဉ်
ဃနာနို့ဆွမ်း ထုံးမှမ်းကြည်ရှင်
တောင်းဆုပြည့်ရ မုချဤတွင်
ရှေခွက်တွင်း ထည့်သွင်းလှလျက်ပင်။

၂၀။ တိသုဇ်ကေ–သက္ကရောက်လျှင်
ကဆုန်လပြည့် ဗုဒ္ဓနေ့ဆင်
ဗောဓိပင်ရင်း မြက်ခင်းပလွင်
ဘုရားဖြစ် ငါးညစ်မာရ်မျိုးနှင်း

ဓမ္မစကြာတရားဟောတော်မူခဏ်း။

၂၁။ ခုနှစ်ဌာန စေ့ငှတည်နေ
ကိုယ်ကဖိုးလျှပ် မိုးနတ်ပြဟော
သုံးကြိမ်သွတ်ခ ပါဒစက်ဗေ
အမြိုက်ဆေး တိုက်ကျေးသုံးဝေနေ။

၂၂။ တိသုဇ်ကေ ဝါလပုဏ္ဏမေ
နာဂဒီန မိဂဒါဌေယ
ကျေးဇူးရှိပြား ငါးပါးဝဂ္ဂေ
ဓမ္မစက် ဟောမြှက်ချေချတ်ပေ။

၂၃။ လေးဆယ်နှင့်ငါး ပိုင်းခြားဝါတွေ
သက်တော်တုက်စစ် ရှစ်ဆယ်ဖြစ်ပေ
တရားစည်ကြီး မည်ဟီးဆော်ထွေ
နိဗ္ဗာန်မြို့ ဆောင်ပို့တိုဘုဒ္ဓေ။

၂၄။ ဗုဒ္ဓကိစ္စ ငါးဝကိုသာ
နေ့စဉ်နေ့တိုင်း မဆိုင်း (ပြုရှာ) မိန်မှာ
လူနတ်အမျှား သိကြားပြဟ္မာ
ကျွတ်တန်းရ ရေပြ မဘုက်သာ။

ပရိနိဗ္ဗာန် စံဝင်တော်မူခဏ်း

၂၅။ ပါဝါပြည်သား တိုးပွားသဒ္ဓါ
သံဃာတော်မျှား ဘုရားပင့်လာ
ဝက်ပျိုသားနှင့် သားပြမ်းလှူ ရှာ
မည်နာမ စုန္ဒဒါယကာ။

၂၆။ သားပြမ်းသုဉ်းပြီး ဘုန်းကြီးတော်ဘာ
သေလောက်ပါးနီး အာဝးကြီးဒုက္ခာ
ကုသိနန်းသို့ မြန်းကွလို့လာ
ဥယျာဉ်တွင်း အင်ကြင်းပင်နှစ်ဖြာ။

၂၇။ ရာလေးဆဲ့ရှစ် သက္ကရာဇ်မှာ
ကဆုန်လပြည့် ရှင်သော်ဒိုနာ
နိဗ္ဗာန်ရှေနန်း စံမြန်းလေရာ
ကပ်လုံးသိမ့် ခြိမ့်ခြိမ့်ဟစ်ကြွေးပြာ။

တေဇောဓာတ် လောင်ဟော်မှုခြင်း

၂၀။ ကဆုန်လဆရက် ဆုတ်ပက်ငါးကြုံ
ဂဠုန်နေ့မြတ် တေဇောဓာတ်ဟုန်
ပြဟ္မာလူနတ် ခြင်းကပ်ဝိုင်းအုံ
မေဃတာဝ်ဓာတ် ရှစ်ရပ်ကြွင်းလိုံ့ပုံ၊

ဘုရားဖြစ်တော်စဉ် နေ့ခုနစ်ပါး

၂၁။ ကြွက်မြတ်သန္ဓေ ပူးနေ့ဘွားမြင်
တောဝင်ကျားလှ ဗုဒ္ဓနေ့ဆင်
စကလျှင်နှာဂ သဟာစဝင်
ဂဠုန်နေ့ ကြုံတွေ့ တေဇောပင်။

သတိထား စဉ်းစားဘွယ်

၃၀။ ဂုဏ်တော်ကိုးဝ ကြီးလှသမ္ဘာ
သခ်ါရတွင်း မကင်းနိုင်ရှာ
တို့လိုနှုံ့စုတ် ဂုဏ်ယုတ်လူမှာ
မရှိသာ: စကားဆိုဘွယ်ရာ။

၃၁။ သာသနာခနဝန်: ထွန်းခိုက်သောခါ
ဒါနသိလ ဘာဝလုလ္လာ
ခန္ဓာဇာတ်သိမ်: ငြိမ်းဘိုဘဖြာ
လိုမှုရ ဘဝပရေသာ။

၂။ သတိတရား လက်ထားကိုင်နေ
သတိလက်လွှတ် တောင်ကျတ်ဌက်ပေ
သေလျှင်ပါယ်သွား တို့မျှားဝေနေ
သတိရှိ မြေ၏ထက်ရှာပေ။

(အရှင်မဏ္ဍလ)

၁။ ငါးမာရ်ဇိန္ဒ ဗုဒ္ဓထွဋ်တင်
သစ္စာပွင့်လင်း ဖေါက်ထုင်းသိမြင်
ဂုဏ်းတာ်ကိုးဝ ဟတ္ထဆယ်အင်
ဦးထိပ်မိုး ရှိခိုးပဏာတင်။

၂။ သုဂ္ဂါတာစ ခြောက်ဝဂုဏ်ဖြာ
ညစ်ကြေးကင်းပ ဓမ္မခန္ဓာ
ပူဇာရဟ နေ့ညမကွာ
သက္ကဲစ္ဆ ဦးချဝန္ဒနာ။

၃။ သုပ္ပဋိပန္န ကိုးဝဂုဏ်ဖြာ
အရိယာယ အဌပုဂ္ဂလာ
မျှော်ကာရည်မှန်း ရဟန်းသံဃာ
သဒ္ဓါပန်း ရှင်လန်းကန်တော့ပါ။

၄။ ကိုးဂုဏ်ကျော်ကြား ဘုရားမြတ်စွာ
လောကသုံးပါး ထင်ရှားပွင့်လာ
မသိပါဌြား အများသူငါ
မောဟာဖုံး မိုက်ထုံးထိုအခါ။

၅။ လောကမှောင်တိုက် ရှုလိုက်သောခါ
ရာဂသောသော ထူးပြောမျှားစွာ
တရားမဟော ဗုဒ္ဓါသဘ္ဘာ
အကြံပွား ထင်ရှားဖြစ်တော့တာ။

၆။ ထင်ရှားကြံဖြစ် သိလှစ်ဗြဟ္မာ
ဤလောကကြီး ပျက်စီးတော့မှာ
နှလုံးမအေး ပူရေးပိုခါ
လူ့ပြည်တွင်း သက်ဆင်းတော့မည်သာ။

၇။ သဟမ္ပတိ မည်ရှိဗြဟ္မာ
သုဒ္ဓါဝါသ ဘုံကဆင်းလာ
ရှင်တော်ဘုရား တရားမှော
ဟောပါပြား ဝပ်တွားတောင်းပန်ရှာ။

၈။ တောင်းပန်စကား ပယ်ပြားနှစ်ခါ
သုံးခါစေ့ဝှ ခွင့်ပြုဗုဒ္ဓါ
တရားရောင်လင်း ပွင့်လင်းသာယာ
အခါဦး လထူးဝါဆိုပါ။

၉။ ဝါဆိုလပြည့် ကြုံတွေ့ခါမှီ
ဓမ္မာတရား ဟောကြားခဲ့သည်
ပဉ္စဝဂ္ဂီ ပါရှိအတည်
နတ်အပေါင်း ခညောင်းလေတော့သည်။

၁၀။ တိုက်တသောင်းမှ နတ်ပေါင်းပြားဟု
ပဥ္စဝဂ္ဂ ငါးဝအပါ
ဝါဆိုလပြည့် ဟောသည့်နေ့မှာ
ကောဏ္ဍည ဦးစွာကျတ်တန်းပါ။
၁၁။ ဦးစွာကျတ်ရေး ကြုံတွေ့ယူပါ
စူဠကာဠ နာမသညာ
အတိတ်ကာလ ဒါနအရာ
ကိုးကြိမ်မျှ ဦးစွာလျှောဒါန်းရှာ။
၁၂။ ကိုးကြိမ်ဦးစွာ မြတ်လှဧတနာ
ဘဝနောင်လဲ စိတ်စွဲခါခါ
သံသာဝဋ်ခန်း ကျတ်တန်းကြုလာ
ကောဏ္ဍည မြတ်လှဆုရ်မဟာ။
၁၃။ မြတ်လှဆုရ်မှ အားပြုကြနော်
ဗုဒ္ဓပြုပါဒ နဝမခေတ်ပေါ်
စူဠကာဠ စံပြပုံပေါ်
အလှူဦး ရှင်မြူးပြုဘိုးတော်။
၁၄။ သဒ္ဓါရှင်မြူး ကြည်နူးစရာ
လှူဦးလှူဆဲ ပြီးလဲစမ်းသာ
မဟာပဓာ ဒါနအရာ
အဂ္ဂဝတ္ထု ဗုဒ္ဓမိန့်သေချာ။
၁၅။ မြတ်ရှင်မိန့်ဟာ ဒါနအရာ
ထင်စွာဖေါ်ပြ ကျိုးဖလမှာ
ယခုဘဝ ဒိဋ္ဌပေါ်လာ
သရုပ်ခဲ့ မှတ်စဉ်ကျိသို့ပါ။

၁၆။ ချစ်ခင်သူများ ထင်ရှားပေါ်လွင်
ဆည်းတပ်ခစား ကျော်ကြားဂုဏ်အင်
မျက်နှာလှပ ဘဝကြည်ရှင်
နောက်ဘဝ ရောက်ရနတ်ပြည်ပင်။
၁၇။ နတ်ပြည်လူ့ရပ် ဆက်စပ်ခါသ
ကျင်လည်တုံ့ငြား စီးပွားချမ်းသာ
ဥစ္စာရှေအိုး အစိုးပိုင်စွာ
စည်းစိမ်တိုး ကျော်ဟိုး ဂုဏ်တေဇာ။
၁၈။ ချမ်းသာကိုပေး မှုတ်ရေးတပြာ
နှစ်လုံးပိုက်ထွေး ညစ်ကြေးပယ်ခွာ
သီလာစာရ ကျင့်ကြမြန်စွာ
နေ့စဉ်တိုင်း ညွှတ်ကိုင်းပြုအပ်ပါ။
၁၉။ ညွှတ်ကိုင်းပြုရ သီလမြတ်မှန်
ဒါနထက်ကဲ ကျော်သဲအလွန်
ဥပေါသထ သုတ္တမိန့်သွန်
ဗုဒ္ဓဟော မှုတ်လောသန္ဓ ။
၂၀။ သူတော်စဉ်များ မှုတ်သားတဖြာ
သီလအကျင့် ကျိုးဖြင့်ထင်စွာ
ဖြစ်ရာဘဝ လှပရုပ်ဝါ
သက်တရှည် မုချရှည်ကျော်ကာ။
၂၁။ ရာကျော်အသက် ဆက်လက်ခန္ဓာ
ရှည်ကြာသော်လဲ ကင်းမြဲအနာ
ရောဂါဟူ၍ မြင့်ငွေ့မလာ
ခန္ဓာဆွေး ပျော်ရေးနတ်ဘုံမှာ။

၂၂။ သဒ္ဓါပြည့်ဝ ဒါနသီလာ
ပြည်သူအများ ကျေးစားရှိသာ
သာသနာဇောင်ဝင်း ပွင့်လင်းသာယာ
မြန်ပြည်ရိုး မည်းဂုဏ်တောင်ဘား။
၂၃။ တောင်ဘားမည်း မြန်မျိုးအပါ
အညာဒေသ ဌာနတည်ရာ
ရွှေကူမြို့မှ နဝမိုင်ကွာ
တောမြို့ပြင်လမ်း ဖြောင့်တန်းလွန်သာယာ။
၂၄။ သာယာဖြောင့်တန်း စခန်းဗဟျာ
ယောမာတင့်ဆန်း တောပန်းစုံစွာ
သီဘာရေချမ်း စိမ့်စမ်းကြည်စွာ
သူတော်မြန်း ရဟန်းမှ,လျှော်ရာ။
၂၅။ သူတော်မြတ်များ ပျော်ပါးစံရာ
တောင်တော်သည်ကား ထင်ရှားပေါ်လာ
ဌေတောင်ကိုဖုံး ရွှေတုံးထိန်ဝါ
တောင်ကတုံး ရှင်ပြုံးလွန်သာယာ။
၂၆။ သာယာမဆုံး ကတုံးတောင်မှာ
တေဇာရောင်ဖုံး မဆုံးကမ္ဘာ
လူပါနတ်ရော သောသောညံ့စာ
ပူဇော်မြ။ အတူးစေတီပါ။
၂၇။ စေတီတော်မြတ် ဖူးလတ်သူပါ
သဒ္ဓါဆင့်ပွါး ဝိတ်ထား,ကြည်စွာ
နတ်ရှာမင်္ဂလမ်း ဖြောင့်တန်းစေရာ
ကုသိုလ်ဦး အထူးပြုဘို့ပါ။

၂၀။ ကုသိုလ်ရှင်မြ။ ကြည်နူးသာယာ
ကြွလာသမျှ မိတ္တာသဟာ
ဘယာကင်းဝေး နှတ်ဆေးပမာ
စေစကြောင်း ဆုတောင်းပို့မေတ္တာ။
၂၁။ မေတ္တာအာကျိုး ဆဲ့တမျိုးပါ
နေ့ပါညရော ပြန့်ပြောဂုဏ်ဝါ
သူ့ဝါကစ မျှားလှသတ္တာ
နေ့စဉ်တိုင်း မဆိုင်းပို့မေတ္တာ။
၂၂။ မေတ္တာပုံပြ သာမဝတီ
မိဖုယားကြီး ခေါင်ထီးအာတည်
ဥတောနမင်း မျှားခွင်းလေသည်
မေတ္တာဘက် လက်နှက်ပြန်ကဲ့သည်။
၂၃။ ထိုမျှမက ပုံပြလီလီ
ဗုဒ္ဓမိန့်ကြား ထင်ရှားရှိသည်
မယုံမှားနှင့် စိတ်ထားတည်ကြည်
မေတ္တာပို့ မချို့ဂုဏ်တင်မည်။
၂၄။ မေတ္တာတော်ပို့ မချို့ထေရ၀ါ
သိပ္ပံစေကြောင်း ခွင့်တောင်းသည့်တာ
စာကိုဘတ်ရှု ပြစ်မှုပေါ်လာ
ခွင့်လွှတ်ရေး မဇ္ဈိမရစသာ။
၂၅။ ဣသိခွင့်ပြု ရေးမှဣစာ
ရှင်လူအာမျှား မှတ်သားစေ၀ါ
သမိုင်းပေါ်ထွန်း စာညွှန်းပေလှာ
မှတ်ခါထား ဩမျှားသိဘိုရာ။

၃၄။ သမိုင်းအစ ဌာနဖွေရှာ
ဗံနားကြီးက သာစုဒေသာ
အရင်းစစ်တော့ အမြစ်မြေလှာ
ထိုသဘော စောကြာထင်ပေါ်လာ။

၃၅။ ထင်ပေါ်ရရှိ သမုတ်ဝင်
ကုသိုလ်ရှေအိုး မြုပ်ရိုးအစဉ်
မြန်မာမင်းမြတ် နှင်းအပ်ဂုဏ်အင်
မိန်ဘော်မြတ် ပြဿဒ်ကျောင်းကြီးပင်။

၃၆။ ပြဿဒ်ကျောင်းကြီး အုံ့ချိုးမကုန်
နတ်ဘုံနတ်နန်း တင့်ဆန်းတစုံ
ရှုမြင်မဝ ဌာနဌာဘုံ
ပင်အမျိုး မည်ကြီးစီပင်ပုံ။ (လုံ)

၃၇။ စီးကားသိုက်မြိုက် ကျောင်းနှိုက်ရှင်ပျော်
လေးဘော်ယာပထ မျက်မမြင်လျော်
အာဒိအစ ဆရာ့ဂုဏ်တော်
ခရိုင်တွင်း ကြိုင်သင်းပျံ့နံ့ကျော်။

၃၈။ ခရိုင်ထေရ်မှူး ဂုဏ်ထူးဝေဖြာ
သခ်ါရပ္ပဲ ဆင်နွဲမကြာ
ကျောင်းတော်ကိုခဲ့ နတ်ပ္ပဲဘုံမှာ
ဆရာမြန်း ကြွလှန်းပျော်ရရှာ။

၃၉။ ကြွလှမ်းရှိသွား တပါးသီသာ
အရှင်ဂုဏာ နာမသညာ
ဆရာ့မေ့နှစ် ထိမ်းလှစ်ပြီးခါ
ဘဝခန်း ရှင်လန်းမြတ်ဆရာ။

၄o။ ဆရာမြတ်မို့ စိတ်ခေတ်တည်သည်(ကြည်)
ကြံစည်စိတ်ကူး အထူးရှင်ကြည် (ရှိသည်)
ဏမ္ဘာတည်လတ် အမြတ်ကိုရည်
သိမ်တော်ကြီး ပြီးစီးအောင်မြင်သည်။

၄၁။ ထောင့်နှစ်ရာမြောက် ငါးဆဲ့ခြောက်သာ
ဆီးနှင်းဖြိုင်ကြ ဟေမန္တမှာ
ပြာသိုလ်လပြည့် ကျော်သည့်အခါ
ခုနှစ်စွန်း ဖြစ်ထွန်းသိမ်တော်သာ။

၄၂။ သိမ်တော်အောင်မှ ကိစ္စတဖြာ
ဗုဒ္ဓရှစ်ပွား တည်ထားသိမ်မှာ
ဥာဏ်တော်မြင့်မား ထင်ရှားတောင်မှာ
ဒုါဒသ လက်မလေးဆယ်ပါ။

၄၃။ ကိစ္စတရပ် ပြီးလတ်သောခါ
နိုင်ငံခံနခါတ် အမြတ်ကိုရှာ
ဆရာတော်မြတ် ဒြတ်စိတ်မှာ
မပြတ်စိုး မြတ်နိုးလွန်သဒ္ဓါ။

၄၄။ သဒ္ဓါရှေ့မိုး သွန်းဖြိုးခါခါ
နေ့စဉ်ရှစ်ဝး မြင့်မှားသေလာ
ငေတောင်ခေါ်ကြ ဌာနတည်ရာ
စေတီမြတ် တည်လတ်စိတ်ဆန္ဒာ။

၄၅။ ဆန္ဒပြင်းပြ ဂုဏ်ဆရာ
တောင်တော်ကိုကြ မြန်းရခါခါ
ငေတောင်ပျော်မှ ရသေ့နှင့်သာ
ကြံစည်ကူး ထေရ်မှူးမိန့်သေချာ။

၄၆။ ကြံစီစိတ်ကူး နှစ်ဦးဆရာ
တကာအမျှား မိန့်ကြားရှိသာ
မကြာခင်ပ ကိစ္စပေါ်လာ
အောင်မြင်ရေး မနှေးဆောင်ရွက်ပါ။

၄၇။ ဤသို့အစ ပထမပါ
စေတီငယ်အား တည်ထားပြီးခါ
တကာအမျှား တိုးပွါးသဒ္ဓါ
တဆင့်ထောက် ပြီးမြောက်အောင်မြင်လှာ။

၄၈။ ထိုမှတဆင့် အားနှင့်ရှိန်ဝါ
တိုးတက်စည်ကား နောက်မျှားမကြာ
စေတီတော်ကြီး ငုံပြီးတဖြာ(ခါ)
အောင်မြင်ရေ၊ မနှေးဆောင်ရွက်လာ။

၄၉။ ဆောင်ရွက်စဉ်ရှေ့ ရသေ့ဆရာ
နတ်ရှာကိုမေ့ ပြောင်းရှေ့ခန်ခ်ာ
တကာအမျှား စိတ်အားငယ်စွာ
သောကမိုး ရှာဖြိုးဖြိုင်ဖြိုင်သာ။

၅၀။ ဖြိုင်ဖြိုင်သောက မီးတမျှကို
ဆရာဂုဏ ဓမ္မရေချို
တိုက်ခါမြှိုက်ကျေး ငြိမ်းအေးစေလို
အမြှိုက်ဆေး တိုက်ကျေးလှန်ပိုမို။

၅၁။ တိုက်ကျေးဓမ္မ ရ သ အေးချို
ရှင်လူအမျှား သောက်စားပြီးကို
ဗုဒ္ဓကိစ္စ မျှားလုထိုထို
လုလ္လကျိုး ဆော်ဌိုးသဒ္ဓါပို။

၅၂။ သဒ္ဓါပိုပြီး ထေရ်ကြီးဆရာ
ဝဏ္ဏာဆုင့်ကြီး နောင်ရေးမျှော်ခါ
မြေတောင်ခေတ်ပေါင်း ကိုနီးကောင်းစံရာ
ပေပေါ်မြတ် တည်လတ်ဆက်ချိသာ။

၅၃။ ဆက်လက်တည်ထိုး ထေရ်ဖုံးဆရာ
ဗျာဓိဟာရား သင်ရှားပေါ်လာ
ပြောလေးကား ကုန်ကြားမြန်စွာ
ပေးပို့ခိုင်ယုမ်း ဝေးဝေး ပလေတော့ဟာ။

၅၄။ ဘောဝ်လှန်ကော်လဲ နှင်ပဲ့ခန္ဓာ
ဆရာ့ထေရ်မြတ် တည်သတ်ကြိုးခါ
ဟကာဘဗျား အားထားမှီရာ
ဖရိတဲ ဝိုင်ဆင်ရှာ
ပြည်ကြီးဘုန်း ဓဝေးကျော်ပါ
ခမ်းဗျသာ
ဆောင်ဝေဘုရား ဆိုးပိုင်ခွာ
သိခေတဲ ဝေခွဲကြားယှဉ်လား။

၅၅။ သပ္ပဒီပုန်ကို ဆောက်ဖို့ကိုရာ
မိခင်အလား ထင်ရှားပေါ်လာ
ဆရာ့ဘပါး အားထားမှီရာ
ဝိဇယ မြတ်လှထေရ်ဟာ။

၅၆။ ထေရ်ဝိဇယ ကြီးလှုဂုဏ်အင်
မြတ်ရှင်ဗုဒ္ဓ ကိုစွမ်းပြင်
ဤတွင်သော်မှ ဗုဒ္ဓရှင်ပင်
ဘေတ်ကြီး ပြီးစီးအောင်တမြင်။

၃၈။ မွေမတော်မာတ်ပေါင်း ကိုန်းအောင်စံပျော်
စေတီတော်ကြီး ပြီးစီးအောင်သော်
လူ့ရှင်အများ ရှုစားဖူးမျော်
အားမရ မျှားလှုသဒ္ဒါပေါ်။

၃၉။ ဖူးရျှမဝ ဗုဒ္ဓစေတီ
မွေသရီမြတ် ညှိုးလတ်ကံမှီ
မာဃသိကြွား စိတ်ထားမကြည်
မိုးကြိုးစက် လက်နက်ဖြိုခွင်းသည်။

၄၀။ မိုးကြိုးစကျ မြေခစေတီ
ရောင်ခြည်တော်ကြူး ကွန့်မြူးကြွချီ
တောအုပ်မှိုမင်း ဖူးခြင်းဆိုသည့်
သောမန မြတ်လှုသဒ္ဒါကြည်

၄၁။ သဒ္ဒါပီတိ ပြောင်းအိရှင်ပျော်
ဆယာတော်အား လျှောက်ယားပြီးသော်
ပျက်ပြိုဘုရား ပြင်ငြားထိုရော်
တတိယ ဗုဒ္ဓအဖြစ်မတော်။

၄၂။ ကိုယ်တော်ဘုရား မြင့်မားဥာဏ်တော်
သုံးဆဲ့နှစ်ဝ တောင်မျှချင့်သော်
ဘိုနပ်တော်က နှစ်ဆဲ့လေးကျော်
စေတီယ လောကဖြစ်ထွန်းပေါ်။

၄၃။ သက္ကရာဇ ကော်ဒွဋ္ဌာ(၁၂၈၈)ခု
စရျှတည်ငြား နှစ်များမကြာ
ကော်ဒ္ဒါဋ္ဌနော(၁၂၈၉) နှစ်ကောဇာမှာ
စေတီယ လောကဥပ္ပန္နာ။

၆၄။ စေတီတော်ကြီး ရွှေထီးသိုက်၊
မန္တလာပူရ ဌာနမြို့မှာ
စေခိုင်းရှိထား နောက်မျှားမကြာ
ကိုယ်တော်အား ဖြစ်ပြားဝေဒနာ။

၆၅။ ဝေဒနာထံသီး ဖြစ်ပြီးမကြာ
ထက်စွာဆေးကောင်း သင့်ကြောင်းကိုရှာ
ဘယ်ဟာမမြဲ ဆင်းရဲဒုက္ခာ
သခင်ပဲ ခေါ်ဆဲ့မရဏာ။

၆၆။ မရဏာပဲ့ ဆင်နဲ့ဆရာ
သက်တော်ချင့်ထောက် လေးဆဲ့ခြောက်မှာ
သိုက်ခွဲဝေ၊ကာ ဒေးဆသင်္ချာ
နတ်အမှား ခေါ်သွားနတ်တို့ရှာ
(ခြောက်ထပ်ရှာ)။

၆၇။ နတ်ရှာကုန်ကြ ဆရာ့အရာ
ပညာသာမိ ဉာဏ်ရှိသိသာ
သိမ်းပိုက်ခါပ မြေပြားပြာ
ဟောညွှန်မြ ဆုံးမတေရိုဆရုး

၆၈။ ထောင့်နှစ်ရာက စွန်းလွှန်စ်မှာ
ကိုးဆဲ့ရှစ်ကြ ဆောင်းလအာခါ
အေးမြန့်ခဲ တပို့တဲ့မှာ
စေတီပဲ့ ထီးလဲတင်လှုပါ။

၆၉။ ထီးတောင်တင်ပြီး တသီးက်စ္စာ
ဆရာထေရ်ကား ကျိုးစားကြံရှာ
ဘုရားရှေ့မှခ် တန်ဆောင်းထုတ်ခါ
ဆင်းတုပ္ပား တည်ထားဆန္ဒမှာ။

၇၀။ ဤသို့နှစ်ရပ် ကြံလပ်ပြီးခါ
တန်ဆောင်းတော်ကား ဆောက်ငြားမကြာ
ရှပ်ပ္ပားတော်အား သုံးပါးစပ်ရာ
ရှေ့ ငွေ့ ကြေး လိုရေး ဆောင်ရွက်ပါ။

၇၁။ ပဇ္ဇည်းစုံမှ ခိုင်းရမန္တလာ
မကြာခင်ပ ဌာနရောက်လာ
ညီညာခြိမ့်ညောင်း အပေါင်းစုံစ္စာ
အကျိုပ္ပဲ ဆင်နွဲထိုအခါ။

၇၂။ ကိုယ်စားတော်တင့် ဥာဏ်မြင့်သခ်ျာ
လေးတောင်နှစ်မိုက် မကိုင်ဋ္ဌမပါ
ထောင့်သုံးရာ့တစ် သက္ကရာဇ်မှာ
ပူဇော်ပ္ပဲ ချိမ့်သဲစည်ကားစ္စာ။

၇၃။ ထိုမှနောက်ဖြစ် လနှစ်မျှားစ္စာ
ထောင့်သုံးရာ့ရှစ် ကောဇာနှစ်မှာ
သီဿာတပါး သိမ်းငြားမေ့ပါ
ကောဝိဒ မြတ်လှထေရ်ဆရာ။

၇၇။ ကိုခါဘာသေ ဂုဏ်အဆုတ
ဒုဝယကမြောက် တဖောက်ရှေ့ပါ
ပန်းတော်ထိုဂိုဏ်း မည်ကျိုင်းသာယာ။
ဖေါ်လာဦး အထူးဂုဏ်ခံဖြာ။

၇၈။ ထောင်သုံးရာဖြစ် ကိုးနှစ်ခေါ်လာ
ဒါနတမျိုး ဆောင်ခဲ့ရှိသာ
ထွေးခေတ်ကြီးနှင့် ဒရှောင့်ယိန်ဝါ
ဂုဏ်ကင်ပွဲ ထူးကဲအခေါ်။

၇၉။ ဤနှစ်တွင်းမှ ဗိုးလအခါ
ဖေတိုဘာဘုရား မိုးကားဆွာ
ဝင့်ပါဝင်ခိုင်း ပြစ်ဝှင်ဖလောဘာ
ဖေဘုရား ပျက်ပြားနှင်ကြောင်သား

၇၁။ ဖေဟာ်ပျက်ထူး ကုန်ပြားခရောင်ပြည်
ဖုပြည်သူများ စိတ်ဒုက္ခရှင်ကြည်
ဘုယ်သဒ္ဓာလဲ ဖေဘောကျောရှာသည်
အမှန်ခတ္တ ရင်ခွဲ.နှလုံးမှ။

၇၂။ ဤဘိုသိပြီး ဦးစီးထရိမှာ
ရှင်လူအများ မိန့်ကြားပြီးခါ
ရှေးဆရာများ စံသားပမာ
ဆက်ဖက်ပြီး ဦးစီးဆောင်ရွက်ရှာ။

၇၉။ ထောင်သုံးဘုဖြစ် ဆယ်နှစ်ကျော်ကုန်
နယုန်လကြည့်
ကျော်သည့်တစ်သာ
စရှိဘည့်ပြား ဘုရားတိုတာ
ထိုသည်နှစ် ပြီးလုစ်ဝါထိုသား

၈၀။ ထိုသို့ပြီးမှ မာသဇနဲ့ခါ
တံကူးလေဆန်း ဓနုန်းခန်းသတ္တာ
တောင်တော်ခြေရင်း ပွဲခင်းတော်မှာ
ပူတော်ပွဲ ရှိမ့်သဲဆောင်မြင်ပါ။

၈၁။ ဤပွဲတော်တွင်း ထင်ပေါ်းတိုတာ
ထီးတော်ညှိမှင်း ရွှေဆိုင်းကပ်ခ
စိန်ဖူးတော်သစ် တင်လှစ်ပြီးပါ
အောင်မြင်ပွဲ ထူးကဲအစပါ။

၈၂။ ထိုမှနောက်နှစ် ရောက်လှစ်သေခါ
ပွဲတော်ကိုတဲ့ ပြုခြိမကာ
ရွေးနှစ်ဒသာ်လဲ တနဲ့တပြာ
ပလွင်လဲ ရွှေခဲမှန်စီရာ။

၈၃။ ထိုမှနောက်ဖြစ် သုံးနှစ်ချိန်ခါ
ရန်သူပုန်များ လှုပ်ရှားလေဆ (ဇနီ)
ပွဲတော်ရပ်နား ဘုရားတော၀ာ
အရောင်ညှိုး ဝေဖြိုးမရှိပါ။

၇၄။ ဗေထာင့်သုံးရာမြောက် တဆဲ့ခြောက်မှာ
နယ်ပယ်အေးချမ်း ရှင်လန်းသာယာ
ဆက်ခါနောက်နှစ် ပဲ့ဖြစ်လေရာ
ရှင်လူမျှား တိုးပွားကေတနာ။

၇၅။ စေတနာသစ် ထွန်းလှစ်သောခါ
နှစ်စဉ်နှစ်ဘိုင်း မဆိုင်းပဲ့ပါ
ဗေထာင့်သုံးရာတွေး နှစ်ဆဲ့လေးမှာ
စေတီမြတ် ရှေကပ်ဆိုင်းတရာ။

၇၆။ ထိုနှစ်တွင်မှ မာဃဒေါ
ဘယ်လိုကြောင်းချင်း အခင်းမပါ
စေတီတော်မြတ် ပြစ်လတ်စကြာ
စိန်ဖူးလှ မြေခ တတ်ယာ။

၇၇။ ထိုမှဆက်၍ လပြည့်နှစ်ပေါ
နှစ်စဉ်ချိန်ကျ ဗုဒ္ဓပဲ့ဆတာ
စေတီတော်ကြီး ဆက်ပြီးရှေလှော
ဆက်ကပ်ပဲ့ ဆိုင်းလဲ နှစ်ရာကျော်။

၇၈။ ရှေဆိုင်းကပ်မှ မေဃဒေပါ
မနာနှစ်လုံး ရှင်ပြုံးကြည်သာ
ခုတိုင်သော်လဲ မခဲ့စကြာ
ပဲ့ခတော်လဲ ဖြစ်မြဲနှစ်ဘိုင်းပါ။

၈၉။ ပွဲတော်ဖြစ်မြဲ နှစ်စဉ်ချိန်စာ
တပေါင်းမာသ ကျော်ထင်ကြားသာ
ထောင့်သုံးရာဖြစ် နှစ်ဆဲ့နှစ်မှာ
ဆုံးဖြတ်ထား မှတ်သားစဉ်အလား။

၉၀။ နှစ်စဉ်လပြောင်း တပေါင်းမာသာ
လဆုတ်ပက္ခ ငါးဝရက်မှာ
လျှပ်စက်ရောင်မှိုး ထိန်ညီးဝေဖြာ
ပွဲတော်ကား စည်ကားသိုက်မြိုက်စွာ။

၉၁။ စည်ကားသိုက်မြိုက် ပဲခဏ်ရှင်လူ
နေ့ပါညရော သောသောညံဆူ
ဒါနသီလ ဓမ္မဥာဏ်ပူ
ဘဝက်ခဲ့ တော်လဲသြဘာယူ။

၉၂။ သြဘာသံပေး နတ်ရေးပေါ်လာ
အညှာရှစောင်မ မခေါ်းကွာ
ရှင်လူအမျှား ဝိတ်ထားကြည်စွာ
ပွဲတော်ကြီး အပြီးအောင်ပွဲပါ။

၉၃။ ပွဲတော်အောင်ပွဲ အားခဲ့ရှိသာ
နှစ်စဉ်နှစ်တိုင်း မဆိုင်းမကွာ
ပန်တင်ထိုဂုဏ်း မည်သ့ိုင်းသာယာ
ခုတိုင်ဘဲ ထူးကဲဂုဏ်ဝေဖြာ။

၉၄။ ဝေဗြာဂုတ်ထူး ဃေရိုးကျားဆာ
ဦးနှိုင်ယ နဝမသည်ဘ
ဗဟာဝေတရိုးခြောက် ကြည့်ကြည်ပမာ
ခရိုင်ဝှင်း ကြိုင်ယင်းဂုဏ်ဆောတော။

၉၅။ လေဘဂုဏ်ခြောက် ချင့်ထောက်ဆာ
ရှေ့နောက်ခဝခဲ ပိုက်ဆံမနာ
နတ်မှာမင်လမ်း ညွှန်ခန်းတပြာ
စီစဉ်ပြု ဉာဏ်ပူထွန်းပေါ်လာ။

၉၆။ ပေါ်လာသရှေ့ ဉာဏ်ဖြေ့ဆာ
တပည့်အများ ထင်ရှားရှိတာ
ချီးခြောက်သတာ မနောထင်စွာ
ဤစာတန်း ရှင်လန်းရေးခွင့်သာ။

၉၇။ ရေးခွင့်သာ၍ အားဖြေ့ဇထရ၊
ဤသို့ကျိုးပန်း ရေးခဏ်းပြီးပါ
စာရှုသူများ စိတ်ထားကြည်စွာ
သဒ္ဓါပန်း ရှင်လန်းပြည့်စေသာ။

အသျှင်ကောဝိဒတိက္ခ

ဤတွင် နိဗ္ဗိတံ။